# မဟာနိဒါနသုတ် အဓိပ္ပါယ် လေ့လာချက်

(ဒီဃနိကာယ်၊ မဟာဝဂ္ဂ ပါဠိတော်)

(၂၀၂၃-ခုနှစ်၊ ဖေဖော်ဝါရီလ ၂-ရက်၊ ကြာသပတေးနေ့)

ဟောကြားသူ။ မြတ်စွာဘုရား
လျှောက်ထားသူ။ အရှင်အာနန္ဒာ
နေရာ။ ကုရုတိုင်း၊ ကမ္မာသဓမ္မနိဂုံး
အချိန်။ တခုသော ညနေချမ်း
အကြောင်းအရာ။ ကြောင်း+ကျိုးဆက်စပ်မှု သဘောတရား

**မဟာနိဒါနဟူသည်။** ။အလွန်တရာ ကျယ်ဝန်းလှစွာသော အကြောင်းနိဒါန်းများ အဆက်ဆက်ကို မရှုပ်မထွေးအောင် ရှင်းလင်း ဟောပြတော်မူသောကြောင့် မဟာနိဒါနဟု ခေါ်သည်။

**အကြောင်းနိဒါန်း။** ရှင်အာနန္ဒာသည် တခုသော ညနေခင်း၌ သမာပတ်မှ ထပြီး ပဋိစ္စသမုပ္ပါဒ်ကို (အစမှ အဆုံးသို့၄င်း၊ အဆုံးမှ အစသို့၄င်း၊ အစ-အဆုံးမှ အလယ်သို့၄င်း၊ အလယ်မှ အစ-အဆုံး နှစ်ဘက်သို့၄င်း ၃-ကြိမ်တိုင်တိုင်) ဆင်ခြင်ကြည့်၏။ အခြားသူများ၌ ခက်ခဲနက်နဲသော်လည်း သူ၏ ဉာဏ်၌မူကား လွယ်လွယ်ကူကူပင် ထင်လာ၏။

ထို့ကြောင့် ဘုရားရှင်ထံသို့ ချဉ်းကပ်ပြီး "ဤပဋိစ္စ-သမုပ္ပါဒ်တရားတော်သည် နက်နဲ၏။ နက်နဲသော အသွင်လည်း ရှိ၏။ သို့သော်လည်း တပည့်တော်၏ ဉာဏ်ထဲ၌ တိမ်တိမ်ကလေးလိုပင် ထင်ရှားလာပါ၏"ဟု လျှောက်ထား လိုက်မိ၏။

### တားမြစ်ခြင်းအကြောင်း ၂-ပါး

အထက်ပါအတိုင်း လျှောက်သောအခါ ဘုရားက "အာနန္ဒာ... သင်အဲသလို မပြောနဲ့"ဟု တားမြစ်တော်မူ၏။ ထိုသို့ တားမြစ်ခြင်း အကြောင်းနှစ်ပါးမှာ- (၁) အာနန္ဒာမထေရ်၏ ဉာဏ်ကြီးပုံကို **ချီးမြောက်တော်မူလိုခြင်း**၊ (၂) **နှိပ်ကွပ်တော်မူလိုခြင်း**တို့ ဖြစ်သည်။

### အာနန္ဒာအား လွယ်ကူခြင်းအကြောင်း ၄-ချက်

ရှင်အာနန္ဒာအတွက် ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်ရာ၌ လွယ်ကူနေခြင်းမှာ-

(၁)ရှေးပါရမီနှင့် ပြည့်စုံခြင်း၊
(၂)ဆရာသမားများထံတွင် နည်းခံခဲ့ဖူးခြင်း၊
(၃)သောတာပန်ဖြစ်ခြင်း၊
(၄)ဗဟုသုတများခြင်းတို့ကြောင့် ဖြစ်၏။

**၁။ အာနန္ဒာ၏ အတိတ်အကြောင်း တစေ့တစောင်း**

ရှေးကမ္ဘာတစ်သိန်းထက်၌ သုမနမင်းသား ဖြစ်ခဲ့ပြီး၊ ပဒုမုတ္တရ ဘုရားရှင်ထံ၌ အလုပ်အကျွေး ရာထူးကို ဆုတောင်းခါ ပါရမီ ဖြည့်ကျင့်ခဲ့၏။ ကဿပဘုရားရှင် လက်ထက်၌ ဆွမ်းခံမထေရ် တစ်ပါးကို သပိတ်အောက်မှ ခံယူရန် မိမိ၏ အပေါ်ရုံတဘက်ကို လှူဒါန်းခဲ့၏။ ဗာရာဏသီ၌ မင်းဖြစ်စဉ်၌ ပစ္စေက-ဗုဒ္ဓါ ရှစ်ဆူတို့ကို မင်းဥယျာဉ်၌ ကျောင်းဆောက်လုပ် လှူဒါန်းပြီး ပြုစုလုပ်ကျွေးခဲ့၏။

နောက်ဆုံးဘဝ၌ အမိတောဒနမင်း၏ သားဖြစ်လာ၏။ ကပိလဝတ် နေပြည်တော်သို့ မြတ်စွာဘုရား ပထမဆုံးအကြိမ် ကြွလာပြီး ပြန်သွားသောအခါ နောက်မှလိုက်၍ အနုပိယ သရက်တော၌ ဘဒ္ဒိယ စသော မင်းသား ၆-ယောက်တို့နှင့် အတူ ရဟန်းဝတ်ခဲ့၏။ မကြာမီ မန္တာဏီပုဏ္ဏေးမ၏ သားဖြစ်သော ရှင်ပုဏ္ဏထံတွင် တရားနာပြီး သောတာပန် ဖြစ်ခဲ့၏။

ဘုရားရှင် သက်တော် ၅၅-နှစ်၊ ဝါတော် ၂၀-တွင် အာနန္ဒာမထေရ်ကို အမြဲအလုပ်အကျွေးအဖြစ် ခန့်အပ်ခဲ့၏။ သူ့အရင် ယာယီအလုပ်ကျွေး ၇-ပါး(ရှင်နာဂိတ၊ ရှင်ဥပဝါန၊ ရှင်သုနက္ခတ္တ၊ ရှင်သာဂတ၊ ရှင်မေဃိယ၊ ရှင်နာဂသမာလ၊ ကိုရင်စုန္ဒ)ရှိခဲ့၏။

**ပယ်လေးတန်**

၁။ ဘုရားရှင်ရသော ဆွမ်းကို မပေးဘူးဆိုရင်၊
၂။ ဘုရားရှင်ရသော သင်္ကန်းကို မပေးဘူးဆိုရင်၊
၃။ ဘုရားရှင်နှင့် တစ်ကျောင်းတည်း အိမ်ခွင့်မရဘူးဆိုရင်၊
၄။ ဘုရားရှင်ကို ပင့်ရာသို့ တပည့်တော်ကို မခေါ်ဘူးဆိုရင်၊

**ပန်လေးပါး**

၁။ တပည့်တော် လက်ခံထားတဲ့ ပင့်ဖိတ်မှုကို ဘုရားရှင် ကြွပေးမယ်ဆိုရင်၊
၂။ အဝေးမှ ဘုရားဖူးလာလို့ ချက်ချင်းတွေ့ခွင့် ပေးမယ်ဆိုရင်၊
၃။ ယုံမှားမှုဖြစ်တဲ့အခါ ချက်ချင်း မေးမြန်းခွင့်ပြုမယ်ဆိုရင်၊
၄။ အရပ်တပါး၌ ဟောခဲ့သောတရားများ တပည့်တော်ကို ပြန်ဟောပေးမယ်ဆိုရင်...။

(ဒီ၊၄၂၊နှာ-၁၃။)

**ဧဝံ မေ သုတံ = ဤသို့ ကြားနာခဲ့ရပါသည်။** ။ ပထမသင်္ဂါယနာ၌ ရှင်အာနန္ဒာက ရှင်မဟာကဿပ မထေရ်ကြီးကို လျှောက်ထားခဲ့သော စကားရပ်ဖြစ်၏။ ပိဋကတ်သုံးပုံကို ဘုရားရှင်ထံမှ ၈-သောင်း ၂-ထောင်၊ ရှင်သာရိပုတြာထံမှ ၂-ထောင် သင်ယူခဲ့၏။

**တောဒဂ် ငါးတန်။** ။ဗဟုသုတများခြင်း၊ သတိကောင်းခြင်း၊ ပညာထက်ခြင်း၊ ဝီရိယကောင်းခြင်း၊ ပြုစုလုပ်ကျွေးမှု ကောင်းခြင်း။ (ဒီ၊၄၁)

**၂။ ဆရာ့များထံ၌ နည်းခံခဲ့ဘူးခြင်း-**

ရှေးဘဝများစွာ၌ အလေးပြုထိုက်သည့် ဆရာများထံ၌ ပဋိစ္စသမုပ္ပါဒ်ကို သင်ယူခြင်း၊ နာကြားခြင်း၊ မေးမြန်းခြင်း၊ အာဂုံ ဆောင်ထားခြင်းတို့ကို ကျွမ်းကျင်စွာ လေ့လာထားပြီး ဖြစ်၏။ ထိုသို့ ဆရာနည်းကျ လေ့လာထားပြီးဖြစ်၍လည်း သူ၏ဉာဏ်၌ လွယ်ကူစွာ ထင်လာခြင်းဖြစ်၏။

**၃။ သောတာပန် ဖြစ်ခြင်း-**

သောတာပန်တို့မည်သည် ပဋိစ္စသမုပ္ပါဒ် ကြောင်း+ကျိုးဆက်စပ်ပုံကို ပေါ်လွင်ထင်ရှားစွာ ဉာဏ်၌ ထင်ကြ၏။ ရှင်အာနန္ဒာသည်လည်း သောတာပန်ဖြစ်၍ ဉာဏ်၌ လွယ်ကူစွာ ထင်ခြင်းဖြစ်၏။

**၄။ ဗဟုသုတများခြင်း-**

လေးတောင်မျှရှိသော အခန်းထဲ၌ မီးကြီးထွန်းလိုက်လျှင် လွယ်ကူမြင်နိုင်သကဲ့သို့ ဗဟုသုတ များသော ပုဂ္ဂိုလ်တို့၌လည်း နာမ်ရုပ်တို့ကို လွယ်ကူစွာ ပိုင်းခြားသိနိုင်၏။ ရှင်အာနန္ဒာသည်လည်း ဗဟုသုတ များသောအရာ၌ ဧတဒဂ်ဘွဲ့ထူးခံဖြစ်၍ သူ၏ဉာဏ်၌ ပဋိစ္စသမုပ္ပါဒ်တရားများ လွယ်ကူစွာ ထင်ခြင်းဖြစ်၏။

**ပဋိစ္စသမုပ္ပါဒ် ဟူသည်။** ။ အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့၏ ညီညွတ်ခြင်းကိုစွဲ၍ သင်္ခါရ စသော အကျိုးတရားတို့၏ ဖြစ်ပေါ်လာခြင်းကို "ပဋိစ္စသမုပ္ပါဒ်"ဟု ခေါ်၏။

**သိမှတ်ဖွယ်ရာ...**

(၁) ဥဒါန်းအဋ္ဌကထာ၌ ပဋိစ္စသမုပ္ပါဒ်ကို **ဗုဒ္ဓဝိပဿနာ** ဟုခေါ်၏။ (၂) ဤပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်ပြီးမှသာ ဘုရားဖြစ်၏။ အချို့ကျမ်း၌ မဟာသက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့်နေ့ ညဉ့်ဦးယာမ်၌ အနုလုံ၊ သန်းခေါင်ယာမ်၌ ပဋိလုံ၊ မိုးသောက်ယာမ်၌ အနုလုံ-ပဋိလုံ ၂-မျိုးလုံး ဆင်ခြင်။ တချို့ကျမ်း၌ ညဉ့်ဦးယာမ်၌လည်း အနုလုံ-ပဋိလုံ ၂-မျိုးလုံးပင် ဆင်ခြင်သည် ဆို၏။ (၃) မဟာဗုဒ္ဓဝင်ကျမ်း၌ လပြည့် နေ့ည မိုးသောက်ယာမ်ရောက်မှ အနုလုံ-ပဋိလုံ ၂-ပါးလုံး ဆင်ခြင်။ လပြည့်ကျော် ၁-ရက်၊ နေ့ပိုင်းတစ်ခု လုံး သမာပတ်ဝင်စား နေ၏။ ညပိုင်းရောက်မှ အနုလုံ-ပဋိလုံ ၂-ပါးလုံး ဆင်ခြင်၏။

**ပဋိစ္စသမုပ္ပါဒ် ဟောနည်းမျိုးစုံ**

**ဥဒါန်းပါဠိတော်၌** ဘုရားဖြစ်ခါနီး အဝိဇ္ဇာမှ ဇရာမရဏထိ ဟော၏။ **ဤမဟာနိဒါနသုတ်၌** ဇရာ-မရဏမှ ဝိညာဏ်ထိ နောက်ပြန်ပဋိလုံအားဖြင့် ဟော၏။ မူလပဏ္ဏာသ, **မဟာတဏှာသင်္ခယသုတ်၌** သာတိရဟန်းကို ဟောသောအခါဝယ် ရုပ်တရားက စ၍ ဟော၏။ ရုပ်တရားဘာကြောင့် အသက်ရှင်, အာဟာရစားရလို့ ရှင်၊ အာဟာရ ဘာကြောင့်စား, တဏှာရှိလို့ စား... စသည်ဖြင့် တဏှာမှ အဝိဇ္ဇာအထိ အထက်သို့ ပြန်တက်၊ အဝိဇ္ဇာမှ တဖန် ဇရာမရဏထိ အောက်သို့ ဆင်း၍ ဟော၏။

**နက်နဲခြင်းပုံ အခြင်းအရာ လေးမျိုး-**

၁။ အတ္ထဂမ္ဘီရ = အကျိုး၏ နက်နဲခြင်း၊
၂။ ဓမ္မဂမ္ဘီရ = အကြောင်း၏ နက်နဲခြင်း၊
၃။ ဒေသနာဂမ္ဘီရ = ဟောပြောပုံ၏ နက်နဲခြင်း၊
၄။ ပဋိဝေဒဂမ္ဘီရ = ထိုးထွင်းသိမှု၏ နက်နဲခြင်း၊

**၁။ အကျိုး၏ နက်နဲပုံ**

ဇရာ,မရဏသည် ဇာတိဟူသော အကြောင်းကြောင့် ဖြစ်ပေါ်ရလာသည်ဟူသော အနက်သဘောသည် အကျိုး၏ နက်နဲခြင်းမည်၏။

**၂။ အကြောင်း၏ နက်နဲပုံ**

အဝိဇ္ဇာသည် သင်္ခါရတို့၏ အကြောင်းဖြစ်၏ဟူသော အနက်သဘောသည် အကြောင်း၏ နက်နဲခြင်းမည်၏။

**၃။ ဟောပြောပုံ၏ နက်နဲခြင်း**

ပဋိစ္စသမုပ္ပါဒ်ကို-

၁။ အချို့သုတ်၌ အနုလုံအားဖြင့် ဟော၏။
၂။ အချို့သုတ်၌ ပဋိလုံအားဖြင့် ဟော၏။
၃။ အချို့သုတ်၌ အနုလုံ-ပဋိလုံအားဖြင့် ဟော၏။
၄။ အချို့သုတ်၌ အလယ်စ၍ ပဋိလုံအားဖြင့်၎င်း၊ အနုလုံအားဖြင့်၎င်း၊ အနုလုံ-ပဋိလုံအားဖြင်၎င်း ဟော၏။
၅။ အချို့သုတ်၌ အစပ်သုံးပါး၊ အလွှာလေးပါးတို့ဖြင့် ဟော၏။
၆။ အချို့သုတ်၌ အစပ် နှစ်ပါး၊ အလွှာသုံးပါးတို့ဖြင့် ဟော၏။
၇။ အချို့သုတ်၌ အစပ် တစ်ပါး၊ အလွှာနှစ်ပါးတို့ဖြင့် ဟော၏။

**၄။ ထိုးထွင်းသိမှု၏ နက်နဲခြင်း**

၁။ **အဝိဇ္ဇာ**၏ သိတတ်သောဉာဏ်၏ ဆန့်ကျင့်ဘက်အနက်သဘော၊ မြင်တတ်သောဉာဏ်၏ ဆန့်ကျင်ဘက်အနက်သဘော၊ သစ္စာလေးပါးကို ထိုထွင်း၍ မသိခြင်းဟူသော အနက်သဘောသည် နက်နဲ၏။

၂။ **သင်္ခါရ**တို့၏ ပြုစီမံခြင်းအနက်၊ သမ္ပယုတ်တရားတို့ကို ပေါင်းစုခြင်းအနက်၊ ရာဂနှင့်တကွ ဖြစ်ခြင်းအနက်၊ ရာဂမကင်းခြင်းအနက်သဘောသည် နက်နဲ၏။

၃။ **ပဋိသန္ဓေ ဝိညာဉ်**၏ အတ္တမှကင်းဆိတ်ခြင်းအနက်၊ သိဖို့ရန် ဗျာပါရမရှိခြင်း အနက်၊ တဘဝမှ တဘဝသို့ မပြောင်းရွှေ့နိုင်ခြင်းအနက်၊ ပဋိသန္ဓေခဏ၌ ထင်ရှားဖြစ်ခြင်းအနက်သဘောသည် နက်နဲ၏။

၄။ **နာမ်ရုပ်**၏ အတူတကွဖြစ်ခြင်းအနက်၊ အသီးသီးဖြစ်ခြင်းအနက်၊ အာရုံသို့ညွတ်ခြင်းအနက်၊ အသီးသီး မဖြစ်ခြင်းအနက်၊ ဖေါက်ပြန်ခြင်းအနက်သဘောသည် နက်နဲ၏။

၅။ **အာယတန ၆-ပါး**တို့၏ ဣန္ဒြိယပစ္စယသတ္တိဖြင့် အစိုးရသည်၏အဖြစ်၊ စက္ခုသမ္မသ စသည် တို့၏ လောကနှင့် တူသည်၏အဖြစ်၊ တံခါးပေါက်နှင့် တူသည်၏အဖြစ်၊ လယ်ယာနှင့်တူသည်၏ အဖြစ်၊ ရူပါရုံစသော အာရုံရှိသည်၏အဖြစ် ဟူသော အနက်သဘောသည် နက်နဲ၏။

၆။ **ဖဿ**၏ အာရုံကို တွေ့ထိခြင်းအနက်၊ အာရုံ၌ ထိခိုက်ခြင်းအနက်၊ အာရုံနှင့်အတူတကွ ပေါင်းဆုံခြင်းအနက်၊ အာရုံ၌ ကျရောက်ခြင်းဟူသော အနက်သဘောသည် နက်နဲ၏။

၇။ **ဝေဒနာ**၏ အာရုံ၏အရသာကို ခံစားခြင်းအနက်၊ သုခ၏အဖြစ်,ဒုက္ခ၏အဖြစ်, မဇ္ဈတ္တ၏အဖြစ် ဟူသော အနက်၊ အတ္တ, ဇီဝ မရှိပဲ ခံစားတတ်သည်၏အဖြစ် ဟူသော အနက်သဘောသည် နက်နဲ၏။

၈။ **တဏှာ**၏ အလွန်နှစ်သက်အပ်၏အဖြစ် ဟူသောအနက်၊ သက်ဝင် မျိုသိပ် ပြီးဆုံးစေခြင်း ဟူသောအနက်၊ အဟုန်ပြင်းပြင်း စီးဆင်းတတ်သော မြစ်နှင့်တူသည်၏အဖြစ်၊ နွယ်နှင့်တူသည်၏ အဖြစ်၊ မြစ်နှင့်တူသော တဏှာ၏အဖြစ်၊ သမုဒ္ဒရာနှင့်တူသော တဏှာ၏အဖြစ်၊ မပြည့်စေနိုင်သည်၏ အဖြစ်- ဟူသော အနက်သဘောသည် နက်နဲ၏။

၉။ **ဥပါဒါန်**၏ စွဲစွဲလမ်းလမ်း ယူခြင်းအနက်၊ အလွန်နှလုံးသွင်းခြင်း အနက်၊ မှားမှားယွင်းယွင်း သုံးသပ်ခြင်း၊ လွန်မြောက်နိုင်ခဲသည်၏ အဖြစ်ဟူသော အနက်သဘောသည် နက်နဲ၏။

၁၀။ **ကမ္မဘဝ**၏ သမ္ဘယုတ်တရားတို့ကို ပေါင်းစုခြင်းအနက်၊ ပြုပြင်စီမံခြင်းဟူသောအနက်၊ ယောနိ,ဂတိ,ဌိတိ,နိဝါသတို့၌ ပစ်ချခြင်းဟူသော အနက်သဘောသည် နက်နဲ၏။

၁၁။ **ဇာတိ**၏ ဘဝသစ်၌ ဖြစ်ခြင်းဟူသောအနက်၊ ဘဝသစ်၌ ပဋိသန္ဓေအားဖြင့် သက်ရောက်ခြင်း ဟူသောအနက်၊ ဖြစ်ခြင်းဟူသောအနက်၊ ထင်ရှားခြင်းဟူသော အနက်သဘောသည် နက်နဲ၏။

၁၂။ **ဇရာမရဏ**၏ ကုန်ခြင်းအနက်၊ ပျက်ခြင်းအနက်၊ ခန္ဓာကိုယ်၏ ပျက်စီးခြင်းအနက်၊ ဖေါက်ပြန်ခြင်း အနက်သဘောသည် နက်နဲ၏။

## နှိပ်ကွပ်တော်မူလိုခြင်း ဒုတိယအကြောင်း

"အာနန္ဒာ... ပဋိစ္စသမုပ္ပါဒ်သည် လွယ်သည်ဆိုလျှင် သင်သည် ဘာ့ကြောင့် အခု ရဟန္တာ မဖြစ်ရ- သနည်း။ သာရိပုတ္တရာ မောဂ္ဂလာန်တို့ကဲ့သို့ ဘာကြောင့် ထိုးထွင်းမသိနိုင်သနည်း။ သမ္မာသမ္ဗုဒ္ဓဘုရား, ပစ္စေကဗုဒ္ဓဘုရားများကဲ့သို့ ဘာ့ကြောင့် မသိမြင်သနည်း။ သာဝကတို့၏ဉာဏ် တစ်စိတ်တစ်ပိုင်းမျှဖြင့် သိနိုင်ခြင်းကို "ငါ့အား လွယ်ကူ၏"ဟု ဆိုဘိ၏။ သင်ကဲ့သို့သော ရဟန်းက ဘုရားရှင်တို့ ပြောသော စကားကို ဆန့်ကျင်ဘက် မပြောဆိုသင့်။

လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ထိုပဋိစ္စ-သမုပ္ပါဒ်ကို သိအောင် ပါရမီအလုံးစုံကို ဖြည့်ကျင့်ခဲ့ရ၏။ ဘုရားဖြစ်ခါနီး မာရ်နတ်ကိုအောင်စဉ်၊ ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်တို့ ရစဉ်က မြေသည် မတုန်လှုပ်ခဲ့။ မိုးသောက်ယံ ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်သိမြင်သောအခါမှသာ မြေတုန်လှုပ်ခဲ့၏။" ဟု ပြောဆိုကာ အာနန္ဒာအား နှိပ်ကွပ်တော်မူ၏။

**သတ္တဝါတို့ သံသရာ လည်ခြင်းအကြောင်း**

ပဋိစ္စသမုပ္ပါဒ်သည် ဤသို့ လေးနက်လွန်းလှသဖြင့် သတ္တဝါတို့သည် မှန်ကန်စွာ မသိနိုင်ကြ။ ချည်ထွေးကဲ့သို့၄င်း, စာပေါင်းသိုက်ကဲ့သို့၄င်း, ဖြူဆံမြက် ပြိတ်မြက်ထွေးကဲ့သို့၄င်း ရှုပ်ထွေးကာ အဆုံး, အစ ရှာမရဖြစ်ပြီး သံသရာမှ မလွတ်မြောက်နိုင်ကြကုန်။ ဤအရှုပ်အထွေးကို ဘုရားနှင့် ပစ္စေကဗုဒ္ဓါတို့သာ ရှင်းအောင် ဖြေရှင်းနိုင်ကုန်၏။

တနည်းအားဖြင့်- **ဤကြောင်း+ကျိုးဆက်သွယ်မှု ပဋိစ္စသမုပ္ပါဒ် အရှုပ်အထွေးကို သတ္တဝါတို့ ဖြေရှင်းကြလျှင် မှန်သောအဖြေသို့ မရောက်ပဲ မိစ္ဆာဒိဋ္ဌိ ၆၂-ပါးသို့သာ ဆိုက်ရောက်ကုန်၏။** သတ္တဝါတို့သည် ထိုအယူမှားတို့ဖြင့် ထုံးဖွဲ့ရှုပ်ထွေးအပ်ကုန်သည်ဖြစ်၍ သံသရာမှ မလွတ်မြောက်နိုင်ကြကုန်။

**သံသရာဟူသည်။** ။ခန္ဓာ, အာယတန, ဓာတ်တို့၏ အမြဲမပြတ် လည်ပတ်နေသော အစဉ်အတန်းကို သံသရာဟု ခေါ်၏။ ဤပဋိစ္စသမုပ္ပါဒ်ကို မသိခြင်းကြောင့် သတ္တဝါတို့သည် စုတိပြီး ပဋိသန္ဓေ, ပဋိသန္ဓေပြီး စုတိ, ဤသို့ အဖန်ဖန် အထပ်ထပ် အကြားမရှိ ဆက်စပ်လျက် ဆုံလည်တပ်န္ဒား၊ ရဟတ်ချားပမာ ဘုံသုံးပါး၌ ဖြစ်နေကြရ၏။ (သံ-အဆက်မပြတ်+သာရော-ဖြစ်ခြင်း။ သံသာရော=အဆက်မပြတ်ဖြစ်ခြင်း။)

**အခက်လေးဖြာ**

"သစ္စာလေးပါး အကြောင်း၊ သတ္တဝါတို့ အကြောင်း၊ ပဋိသန္ဓေ နေပုံအကြောင်း၊ ပဋိစ္စသမုပ္ပါဒ် လည်ပုံ အကြောင်း၊ ဤလေးပါးကို သိနားလည်ဖို့ရန် ခဲယဉ်းလှ၏။ သူတပါးကို ဟောပြောရန်မှာ ပို၍ပင် ခက်သေး၏"ဟု ရှင်မဟာဗုဒ္ဓဃောသသည် ဝိဘင်း အဋ္ဌကထာ, ပဋိစ္စသမုပ္ပါဒ်ကို ရေးခါနီး၌ ဤသို့ ညည်းတွားခဲ့၏။

သစ္စံ သတ္တော ပဋိသန္ဓိ။ ပစ္စယာကာရမေဝ စ။
ဒုဒ္ဒသာ စတုရော ဓမ္မာ၊ ဒေသေတုံ စ သုဒုက္ကရာ။

# ပဋိစ္စသမုပ္ပါဒ်အဖွင့်

**ပဋိစ္စသမုပ္ပါဒ် အနုလုံပါဠိတော်**

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊
သင်္ခါရပစ္စယာ ဝိညာဏံ၊
ဝိညာဏပစ္စယာ နာမရူပံ၊
နာမရူပပစ္စယာ သဠာယတနံ၊
သဠာယတနပစ္စယာ ဖဿော၊
ဖဿပစ္စယာ ဝေဒနာ၊
ဝေဒနာပစ္စယာ တဏှာ၊
တဏှာပစ္စယာ ဥပဒါနံ၊
ဥပါဒါနပစ္စယာ ဘဝေါ၊

ဘဝပစ္စယာ ဇာတိ၊
ဇာတိပစ္စယာ ဇရာ,မရဏံ၊ …… သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊
ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

**မြန်မာပြန်**

မသိမှု, အသိမှားမှု အဝိဇ္ဇာကြောင့် အားထုတ်မှု သင်္ခါရတို့ ဖြစ်ကုန်၏။
သင်္ခါရကြောင့် ဘဝသစ်-ဝိညာဏ် ဖြစ်၏။
ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၏။
နာမ်ရုပ်ကြောင့် မျက်စိ,နား,နှာ,လျှာ,ကိုယ်,စိတ် ဟူသော အာယတန ၆-ပါး ဖြစ်၏။
အာယတန ၆-ပါးကြောင့် အာရုံနှင့်စိတ် တွေ့မှု-ဖဿ ဖြစ်၏။
ဖဿကြောင့် ခံစားမှု-ဝေဒနာဖြစ်၏။
ဝေဒနာကြောင့် စွဲလမ်းမှု ဥပါဒါန်ဖြစ်၏။
ဥပါဒါန်ကြောင့် ဖြစ်ကြောင်းကံ- ဘဝ(ကမ္မဘဝ) ဖြစ်၏။
ဘဝကြောင့် ဘဝသစ်ဖြစ်မှု ဇာတိဖြစ်၏။
ဇာတိကြောင့် အိုရခြင်း သေရခြင်း ဇရာ,မရဏ ဖြစ်၏။
ဇရာ,မရဏကြောင့် စိုးရိမ်ပူဆွေးခြင်း-သောက, ငိုကြွေးခြင်း-ပရိဒေဝ, ကိုယ်ဆင်းရဲခြင်း-ဒုက္ခ, စိတ်ဆင်းရဲခြင်း-ဒေါမနဿ, ပြင်းစွာ ပင်ပန်းခြင်း-ဥပါယာသတို့ ဖြစ်ကုန်၏။

ဤသို့လျှင် အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့ကြောင့်သာ သုခနှင့် မရောမယှက် သက်သက်သော ဤဒုက္ခအစု၏ ဖြစ်ခြင်းသည် လောက၌ ထင်ရှား၏။

**ပဋိစ္စသမုပ္ပါဒ် ပဋိလုံပါဠိတော်**

အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော၊
သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊
ဝိညာဏနိရောဓာ နာမရူပနိရောဓော၊
နာမရူပနိရောဓာ သဠာယတနနိရောဓော၊
သဠာယတနနိရောဓာ ဖဿနိရောဓော၊
ဖဿနိရောဓာ ဝေဒနာနိရောဓော၊
ဝေဒနာနိရောဓာ တဏှာနိရောဓော၊
တဏှာနိရောဓာ ဥပါဒါနနိရောဓော၊
ဥပါဒါနနိရောဓာ ဘဝနိရောဓော၊
ဘဝနိရောဓာ ဇာတိနိရောဓော၊
ဇာတိနိရောဓာ ဇရာ,မရဏံ၊ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊
ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

**မြန်မာပြန်**

မသိမှု, အသိမှားမှု အဝိဇ္ဇာချုပ်ခြင်းကြောင့် အားထုတ်မှု သင်္ခါရတို့ ချုပ်ကုန်၏။
သင်္ခါရချုပ်ခြင်းကြောင့် ဘဝသစ်-ဝိညာဏ် ချုပ်၏။
ဝိညာဏ်ချုပ်ခြင်းကြောင့် နာမ်ရုပ်ချုပ်၏။
နာမ်ရုပ်ချုပ်ခြင်းကြောင့် မျက်စိ,နား,နှာ,လျှာ,ကိုယ်,စိတ် ဟူသော အာယတန ၆-ပါး ချုပ်၏။
အာယတန ၆-ပါးချုပ်ခြင်းကြောင့် အာရုံနှင့်စိတ် တွေ့မှု-ဖဿ ချုပ်၏။
ဖဿချုပ်ခြင်းကြောင့် ခံစားမှု-ဝေဒနာ ချုပ်၏။
ဝေဒနာချုပ်ခြင်းကြောင့် တက်မက်မှုတဏှာ ချုပ်၏။
တဏှာချုပ်ခြင်းကြောင့် စွဲလမ်းမှု-ဥပါဒါန် ချုပ်၏။
ဥပါဒါန်ချုပ်ခြင်းကြောင့် ဖြစ်ကြောင်းကံ- ဘဝ(ကမ္မဘဝ) ချုပ်၏။
ဘဝချုပ်ခြင်းကြောင့် ဘဝသစ်ဖြစ်မှု-ဇာတိ ချုပ်၏။
ဇာတိချုပ်ခြင်းကြောင့် အိုရခြင်း သေရခြင်း ဇရာ,မရဏ ချုပ်၏။
ဇရာ,မရဏ ချုပ်ခြင်းကြောင့် စိုးရိမ်ပူဆွေးခြင်း-သောက, ငိုကြွေးခြင်း-ပရိဒေဝ, ကိုယ်ဆင်းရဲခြင်း-ဒုက္ခ, စိတ်ဆင်းရဲခြင်း-ဒေါမနဿ, ပြင်းစွာ ပင်ပန်းခြင်း-ဥပါယာသတို့ ချုပ်ကုန်၏။

ဤသို့လျှင် အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့၏ ချုပ်ခြင်းကြောင့်သာ သုခနှင့် မရောမယှက် သက်သက်သော ဤဒုက္ခအစု၏ ချုပ်ခြင်းသည် လောက၌ ထင်ရှား၏။

&&&&&&&&&&&&&&&&&&&&

**(ပါ-၉၆။) သတ္တဝါတို့၏ ဇရာ,မရဏ(အိုခြင်း, သေခြင်း)၏ အကြောင်းကွင်းဆက်**

မေး။ အာနန္ဒာ… အိုခြင်း,သေခြင်း ဇရာမရဏ၏ အကြောင်းရှိသလော?ဟု မေးလျှင်
ဖြေ။ “ရှိ၏”ဟု ဖြေအပ်၏။ (ဧကံသဗျာကတ ပုစ္ဆာ)
မေး။ အဘယ့်ကြောင့်နည်း? ဟုမေးလျှင်-
ဖြေ။ ပဋိသန္ဓေနေခြင်း ဇာတိဟူသော အကြောင်းကြောင့်ဖြစ်၏ဟု ဖြေဆိုအပ်၏။

**ပုစ္ဆာ ၂-မျိုး။** ။အချို့မေးခွန်းသည် မဖြေပဲ ထားရသော **အဗျာကတပုစ္ဆာ** ဟုခေါ်၏။ ဥပမာ… တံ ဇီဝံ, တံ သရီရံ= ထိုသရီရမည်သော သဘောသည် ဇီဝလော? ထိုဇီဝမည်သော သဘောသည် သရီရလော? ဟူသော မေးခွန်းမျိုးတည်း။ အချို့မေးခွန်းမှာ ဧကန် ဖြေဆိုရမည့် **ဧကံသ-ဗျာကတပုစ္ဆာ** ခေါ်၏။ ဥပမာ… စက္ခု သဿတံ အသဿတံ = စက္ခုသည် မြဲသလော… မမြဲသလော?။ ဤပုစ္ဆာမျိုးကား “မမြဲ”ဟု ဧကန် ဖြေဆိုအပ်သော ပုစ္ဆာမျိုးဖြစ်၏။

| ဇရာ,မရဏမှ ဝိညာဏ်သို့ တက်ပုံ |
|---|
| ဝိညာဏ် ↓↑ |

| | |
|---|---|
| ⬆ | နာမ်ရုပ် |
| ⬆ | တွေ့ထိ,ပေါင်းဆုံမှု ဖဿ |
| ⬆ | ခံစားမှု ဝေဒနာ |
| ⬆ | တပ်မက်မှု တဏှာ |
| ⬆ | စွဲလမ်းမှု ဥပါဒါန် |
| ⬆ | ဘဝ (ဖြစ်ကြောင်း ကမ္မဘဝ) |
| ⬆ | ဇာတိ |
| ⬆ | **ဇရာ,မရဏ** |

**"နာမရူပပစ္စယာ ဖဿော"ဟု ဟောရခြင်းအကြောင်း**

"သဠာယတနပစ္စယာ ဖဿော"ဟု ဟောလျှင် စက္ခုစသော ဝိပါက်ဖဿ ၆-ပါးကိုသာ ကောက်ယူရမည်ဖြစ်သည်။ (ဥပမာ- စက္ခုပသာဒ+ရူပါရုံ+စက္ခုဝိညာဏ်သည် > စက္ခုသမ္ဖဿ၏ သီးခြားအကြောင်း၊ သောတပသာဒ+သဒ္ဒါရုံ+သောတဝိညာဏ်သည် > သောတသမ္ဖဿ၏ သီးခြားအကြောင်း၊ ဤသို့ စသည်အားဖြင့် ဆိုလိုသည်။)

သို့သော် ဤသုတ်၌ "နာမရူပပစ္စယာ ဖဿော"ဟု ဟောလိုက်သဖြင့် အတွင်းအာယတန ခြောက်ပါးအပြင် အခြားသော နာမ်ရုပ်ဖြစ်သော အကြောင်းပစ္စည်းတရားများကိုလည်း ဤသုတ်၌ ပစ္စယုပ္ပန်ဖဿ၏ အကြောင်းအဖြစ်ဖြင့် ထည့်သွင်းယူရ၏။ ထို့ကြောင့် ဝိပါက်မှတပါးသော ကုသိုလ်, အကုသိုလ်, ကြိယာတို့၌ယှဉ်သော ဖဿများကိုလည်း အကုန်လုံး သိမ်းယူလိုသောကြောင့် "နာမရူပပစ္စယာ ဖဿော"ဟု ဟောခြင်းဖြစ်သည်။

(ပါ-၉၇။) အာနန္ဒာ… နာမ်ရုပ်ကြောင့် ဝိညာဏ်ဖြစ်၏။ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၏။

| **ဝိညာဏ်မှ ဇရာမရဏသို့ ဆင်းပုံ** |
|---|
| ဝိညာဏ်ကြောင့် ⇆ နာမ်ရုပ်၊<br>နာမ်ရုပ်ကြောင့် ⇆ ဝိညာဏ်၊ |
| ⬇နာမ်ရုပ်ကြောင့် ဖဿ |
| ⬇ဖဿကြောင့် ဝေဒနာ |
| ⬇ဝေဒနာကြောင့် တဏှာ |
| ⬇တဏှာကြောင့် ဥပါဒါန် |
| ⬇ဥပါဒါန်ကြောင့် ဘဝ(ကမ္မဘဝ) |
| ⬇ဘဝ(ကမ္မဘဝ)ကြောင့် ဇာတိ |
| ဇာတိကြောင့် ➔ဇရာမရဏ၊ …… သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ |

ဤနည်းဖြင့် ချမ်းသာခြင်းမဖက်သော ဆင်းရဲခြင်း အစုအဝေးကြီးသာ ဖြစ်ပေါ်နေ၏။

**(ပါ-၉၈။) အောက်မှ အထက်သို့ (⬆) အကြောင်းရင်း အဆင့်ဆင့်ကို လိုက်ခြင်း**

**ဗုဒ္ဓ။ အာနန္ဒာ… သတ္တဝါအား ဇာတိသည် အချင်းခပ်သိမ်း မရှိခဲ့လျှင် ဇရာ,မရဏ ရှိပါဦးမည်လော?**

**အာ။ မရှိနိုင်ပါဘုရား…။**

**ဗုဒ္ဓ။ အာနန္ဒာ… ဇာတိသည် ဇရာမရဏ၏ အကြောင်းရင်း သမုဒယ ဖြစ်၏။**

**(ပါ-၉၉။) ဘဝပစ္စယာ ဇာတိ…**

**ကာမ,ရူပ,အရူပ ဟူသော ကမ္မဘဝသုံးပါးကြောင့် ဇာတိဖြစ်၏။ ကမ္မဘဝ မရှိခဲ့လျှင် ဇာတိ မရှိနိုင်။ ကမ္မဘဝသည် ဇာတိ၏ အကြောင်းသမုဒယ ဖြစ်၏။**

(ဘဝသည် **ကမ္မဘဝ နှင့် ဥပပတ္တိဘဝ** ဟူ၍ ၂-မျိုးရှိ၏။ ဤ၌ 'ကာမဘဝ'အရ ကုသိုလ်ကံ,အကုသိုလ်ကံ ဟူသော '**ကမ္မဘဝ**'ကို ယူပါ။ အကြောင်းမှာ ကာမဘဝသို့ရောက်ကြောင်း ကုသိုလ်+အကုသိုလ် ကံသည်သာ နောက်ဘဝ ဇာတိကို ပဓာနအားဖြင့် ဥပနိဿယသတ္တိနှင့် ကျေးဇူးပြုထောက်ပံ့ ပေးတတ်သောကြောင့်တည်း။)

**(ပါ-၁၀၀။) ဥပါဒါနပစ္စယာ ဘဝေါ…**

**ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန် ဟူသော ဥပါဒါန်လေးပါးကြောင့် ကမ္မဘဝ ဖြစ်၏။ ဥပါဒါန်လေးပါး မရှိခဲ့လျှင် ကမ္မဘဝ မရှိနိုင်။ ဥပါဒါန်သည် ကမ္မဘဝ၏ အကြောင်း သမုဒယဖြစ်၏။**

**ကာမုပါဒါန်စသည်ကြောင့် ကမ္မဘဝ ၁၂-ပါးဖြစ်**

ကာမုပါဒါန်ကြောင့် **ကာမကမ္မဘဝ, ရူပကမ္မဘဝ, အရူပကမ္မဘဝ** ဟူသော သုံးပါးသော ကမ္မဘဝ တို့ကို ဖြစ်စေ၏။ ဤအတူပင် ဒိဋ္ဌုပါဒါန်ကြောင့် သုံးပါး၊ သီလဗ္ဗတုပါဒါန်ကြောင့် သုံးပါး၊ အတ္တဝါဒုပါဒါန် ကြောင့် သုံးပါး။ **စုစုပေါင်း ၁၂-ပါးသော ကမ္မဘဝတို့ကို** ဖြစ်စေ၏။

မှတ်ချက်။ ။ဤနေရာ၌ ဥပပတ္တိဘဝ ၁၂-ပါးကို ထည့်မယူရ။ ဥပပတ္တိဘဝ-ဟူသည် ကမ္မဘဝ၏ အကျိုး တရား (သားသမီးသဖွယ်)သာဖြစ်၏။ ကမ္မဘဝသည် ဥပပတ္တိဘဝ၏ အကြောင်းတရား (မိဘသဖွယ်) ဖြစ်၏။ ထို့ကြောင့် ဥပါဒါန်သည် မိဘသဖွယ်ဖြစ်သော ကမ္မဘဝကို တိုက်ရိုက် ကျေးဇူးပြုလိုက်လျှင်ပင် သားသမီးသဖွယ် ဖြစ်သော ဥပပတ္တိ ဘဝကိုလည်း "တစ်နွယ်ငင် တစ်စင်ပါ" အလိုအလျောက် ကျေးဇူးပြုရာ ရောက်၏။

**(ပါ-၁၀၁။) တဏှာပစ္စယာ ဥပါဒါနံ…**

**ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာတို့ကြောင့်** စွဲလမ်းမှု ဥပါဒါန်ဖြစ်၏။ တဏှာမဖြစ်ခဲ့လျှင် ဥပါဒါန်မဖြစ်။ တဏှာသည် ဥပါဒါန်၏ အကြောင်းသမုဒယ ဖြစ်၏။

ဋီကာမှတ်ချက်။ ။တဏှာသည် ကာမုပါဒါန်အား ဥပနိဿယအစုဖြင့် ကျေးဇူးပြုသည်။ ကျန်သော ဥပါဒါန်တို့အား သဟဇာတအစု၊ ဥပနိဿယအစုတို့ဖြင့် ကျေးဇူးပြု၏။ အကြောင်းမှာ တဏှာနှင့်

ကာမုပါဒါန်သည် တရားကိုယ်အားဖြင့် လောဘချည်းသာ ဖြစ်သောကြောင့် “ငါနှင့်ငါ အတူတူ သွားကြသည်”ဟု မဆိုစကောင်းသကဲ့သို့ သဟဇာတပစ္စည်း,ပစ္စယုပ္ပန် မဖြစ်စကောင်း။

ရှေးရှေးတဏှာက ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုလိုက်သောကြောင့် မြဲမြံခိုင်ခံသော အဆင့်သို့ ရောက်သွားသော တဏှာလောဘကိုသာ ကာမုပါဒါန်ဟု ခေါ်ရပြီး၊ ထိုအဆင့်သို့ မရောက်သေးသော တဏှာကိုမူ ကာမုပါဒါန်ဟု မခေါ်ရ။ ယင်းသို့မခေါ်ရသော ရှေးဖြစ်သော တဏှာက နောက်ဖြစ်သော ကာမုပါဒါန်အား ဥပနိဿယအစုဖြင့် ကျေးဇူးပြုသည်။

(ပါ-၁၀၂။) **ဝေဒနာပစ္စယာ တဏှာ…**

မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်ဟူသော ဒွါရခြောက်ပါးနှင့် အာရုံခြောက်ပါး တွေ့ခြင်းကြောင့် ခံစားမှုဝေဒနာဖြစ်၏။ ဝေဒနာမဖြစ်ခဲ့လျှင် တဏှာမဖြစ်၊ ဝေဒနာသည် တဏှာ၏ အကြောင်းသမုဒယဖြစ်၏။

***********

**(ပါ-၁၀၃။) ရှေးဘဝတဏှာကို ပြပြီးနောက် အဆက်မပြတ်ဖြစ်သော တဏှာကို ထပ်ပြ**

ဝဋ်၏အရင်းခံဖြစ်သော ရှေးဘဝ၌ ဖြစ်ခဲ့ပြီးသော တဏှာ(ပုရိမတဏှာ)ကို ပြပြီး၍, ယခုအခါ၌ အဆက်မပြတ် ဖြစ်တတ်သော တဏှာ(သမုဒါစာရတဏှာ)ကို ပြဖို့ရန် “ဝေဒနံ ပဋိစ္စ တဏှာ”မှ စ၍ “မစ္ဆရိယံ ပဋိစ္စ အာရက္ခော” တိုင်အောင် ၉-ပုဒ်ကို ဆက်၍ဟော၏။

**ဝေဒနာကြောင့် စောင့်ရှောက်ရသည့်တိုင်အောင် ဆက်၍ ဟောပုံ…**

**“အာနန္ဒာ… ဤသို့လျှင်-**

**၁။ ခံစားခြင်း’ဝေဒနာ’ကို စွဲ၍ တပ်မက်ခြင်း’တဏှာ’ ဖြစ်၏။**

**၂။ တပ်မက်ခြင်းကို စွဲ၍ ရှာမှီးခြင်း ဖြစ်၏။**

**၃။ ရှာမှီးခြင်းကိုစွဲ၍ ရခြင်းဖြစ်၏။**

**၄။ ရခြင်းကိုစွဲ၍ အသုံးချရန် စိတ်ပိုင်းဖြတ်ခြင်း ဖြစ်၏။**

**၅။ စိတ်ပိုင်းဖြတ်ခြင်းကို စွဲ၍ နှစ်သက်တပ်စွဲခြင်း ‘ဆန္ဒရာဂ’ ဖြစ်၏။**

**၆။ နှစ်သက်တပ်စွန်းခြင်း ‘ဆန္ဒရာဂ’ကို စွဲ၍ ‘ငါ့ဟာ’ဟု မြဲမြံစွာဆုံးဖြတ်ခြင်း ဖြစ်၏။**

**၇။ မြဲမြံစွာ ဆုံးဖြတ်ခြင်းကို စွဲ၍ သိမ်းပိုက်ခြင်း ဖြစ်၏။**

**၈။ သိမ်းပိုက်ခြင်းကို စွဲ၍ ဝန်တိုခြင်းဖြစ်၏။**

**၉။ ဝန်တိုခြင်း ကိုစွဲ၍ (ဥစ္စာကို) စောင့်ရှောက်ခြင်းဖြစ်၏။**

**၁၀။ စောင့်ရှောက်ခြင်းကို အကြောင်းပြု၍ ဒုတ်,ဓား,လက်နက် ဆောင်ရခြင်း၊ ခိုက်ရန်ဖြစ်ခြင်း၊ ဆန့်ကျင်ဖက်ပြုခြင်း၊ ငြင်းခုံခြင်း၊ မခံသာအောင် ပြောဆိုခြင်း၊ ဂုံးတိုက်ခြင်း၊ မဟုတ်မမှန် ပြောဆိုခြင်း စသော ယုတ်မာသော အကုသိုလ်တရားတို့သည် များစွာ ဖြစ်ကုန်၏။”**

**တဏှာ ၂-မျိုး**

၁။ **သေန တဏှာ**= တောကြိုတောင်ကြား ခရီးခဲတို့ကို ဖြတ်ကျော်၍ စည်းစိမ်ဥစ္စာတို့ကို ရှာမှီးကြောင်း တဏှာကို ခေါ်သည်။

၂။ **သေိတ တဏှာ**= ရှာမှီး၍ ရရှိအပ်ပြီးသော ထိုစည်းစိမ်ဥစ္စာတို့၌ တပ်မက်သော တဏှာကို ခေါ်သည်။

ထိုတဏှာနှစ်မျိုးသည် သမုဒါစာရ တဏှာ၏ အမည်သာတည်း။ ထိုတဏှာနှစ်မျိုးသည် ဝေဒနာကို စွဲ၍ ဖြစ်ပေါ်လာ၏။

**ပရိယေသနာ-ရှာမှီးခြင်းဟူသည်…**

အာရုံငါးပါးတို့ကို တပ်မက်သောအားဖြင့် ရှာမှီးကြောင်း စိတ္တုပ္ပါဒ်ကို "ပရိယေသန"ဟု ခေါ်၏။ မှန်၏။ တဏှာရှိလျှင် တပ်မက်တွယ်တာသောအားဖြင့် ရှာမှီးကြောင်း စိတ်ဖြစ်၏။

**ဆုံးဖြတ်ခြင်း ဝိနိစ္ဆယ ၄-မျိုး**

၁။ ဉာဏ ဝိနိစ္ဆယ= မိမိသန္တာန်၌ဖြစ်သော သုခ၏ ပင်ကိုယ်သဘော, ဖြစ်ကြောင်း, ချုပ်ကြောင်း, ထွက်မြောက်တို့ကို ဟုတ်မှန်စွာသိ၍ ဆုံးဖြတ်တတ်သော ဉာဏ်သည် ဉာဏဝိနိစ္ဆယ မည်၏။ သောဉာဏ်သည် ဉာဏဝိနိစ္ဆယ မည်၏။

၂။ တဏှာ ဝိနိစ္ဆယ = ၁၀၈-ပါးသော တဏှာသည် တဏှာဝိနိစ္ဆယ မည်၏။။

၃။ ဒိဋ္ဌိ ဝိနိစ္ဆယ = ၆၂-ပါးသော ဒိဋ္ဌိတို့သည် ဒိဋ္ဌိဝိနိစ္ဆယ မည်၏။

၄။ ဝိတက္က ဝိနိစ္ဆယ = ရပြီးသော စည်းစိမ်တို့ကို ကောင်း-မကောင်းကိုလည်း ဝိတက်ဖြင့် ဆုံးဖြတ်၏။ ထို့အတူ အာရုံခံစားဖို့ရန် အတွက်ငင်း, မိမိအတွက် သူတပါးအတွက် ခွဲခြမ်းရာ၌ငင်း, မည်မျှ သုံးဆောင်၍ မည်မျှ သိမ်းဆည်းထားမည် ဟူ၍ငင်း ဤဝိတက်ဖြင့် ကြံစည်ဆုံးဖြတ်၏။

ထို့ကြောင့် "လာဘံ ပဋိစ္စ ဝိနိစ္ဆယော"ဟု ဟောတော်မူ၏။

**ဆန္ဒရာဂ-ဟူသည်**

**ရာဂသည်** (၁) ဒုဗ္ဗလရာဂ- အားမရှိသော ရာဂ၊ (၂) ဗလဝရာဂ- အားရှိသော ရာဂ ဟူ၍ ၂-မျိုးရှိ၏။ ဤ၌ ဆန္ဒရာဂ-ဟူသော အမည်သည် အားမရှိသော ဒုဗ္ဗလရာဂကို ဆိုလို၏။

**အဇ္ဈောသာန်-မြဲမြံစွာ ဆုံးဖြတ်ခြင်း ဟူသည်**

"အဟံ-ငါတည်း" "မမ- ငါ၏ ဥစ္စာတည်း"ဟု တဏှာ,ဒိဋ္ဌိတို့၏ အစွမ်းအားဖြင့် အားရှိသော ဆုံးဖြတ်ခြင်းကို ခေါ်သည်။

**ပရိဂ္ဂဟော-သိမ်းပိုက်ခြင်း ဟူသည်**

ထိုတဏှာ,ဒိဋ္ဌိတို့၏ အစွမ်းအားဖြင့် သိမ်းဆည်းမှုပြုခြင်းကို ဆိုလို၏။

**အာရက္ခ-စောင့်ရှောက်ရခြင်း ဟူသည်-**

တံခါးကို ပိတ်ခြင်း၊ သေတ္တာ၌ လုံခြုံစွာ သိမ်းထားရခြင်း စသည်တို့၏ အစွမ်းဖြင့် ကောင်းစွာ လုံခြုံအောင် စောင့်ရှောက်ထားရခြင်းကို ဆိုလို၏။

**ငြင်းခုံခြင်း နှစ်မျိုး**

၁။ ကာယ ကလဟ- ကိုယ်ဖြင့် ငြင်းခုံခြင်း၊

၂။ ဝါစာ ကလဟ- နှုတ်ဖြင့် ငြင်းခုံခြင်းဟု ၂-မျိုးရှိ၏။

ရှေးရှေး၌ဖြစ်သော ဆန့်ကျင်မှုသဘောကို "ဝိဂ္ဂဟ"ဟုခေါ်ပြီး၊ နောက်နောက်၌ ဖြစ်သော ဆန့်ကျင်မှုသဘောကို "ဝိဝါဒ"ဟု ခေါ်သည်။

**တုဝံ တုဝံ- နင် နင်...**

တစ်ယောက်နှင့်တစ်ယောက် ရိုသေမှုကင်းပြီး သူတပါးတို့ မခံသာသော ကြမ်းတမ်းရိုင်းစိုင်းသော စကားတို့ဖြင့် "နင်" "နင်" ဟု ခေါ်လာကြ၏။

## အကြောင်းငြိမ်းလျှင် အကျိုးငြိမ်း

(ပါ-၁၀၄။) **"အာနန္ဒာ... ဥစ္စာကို စောင့်ရှောက်ရခြင်းကြောင့် ဒုတ်ဓားလက်နက် ဆောင်ရခြင်း... စသည်တို့ ဖြစ်ပုံကို ဆိုလတ့်သော အကြောင်းဖြင့် သိနိုင်ပေ၏။**

**"အာနန္ဒာ... သတ္တဝါအား ဥစ္စာကို စောင့်ရှောက်ခြင်းမည်သည် အချင်းခပ်သိမ်း မရှိငြားအံ့။ လက်နက်ကိုင်ဆောင်ရခြင်း စသည်တို့ ဖြစ်နိုင်ပါဦးမည်လော?"**

**"မဖြစ်နိုင်ပါဘုရား"**

**"အာနန္ဒာ... ထို့ကြောင့် ထိုဥစ္စာကို စောင့်ရှောက်ရခြင်းသည်သာလျှင် ဒုတ်ဓားလက်နက် ကိုင်ဆောင်ရခြင်း စသည်တို့၏ အကြောင်းရင်းပေတည်း။"**

**(ဤသို့အားဖြင့် နောက်သို့ တဖန်ပြန်၍ ဝန်တိုခြင်း၊ သိမ်းပိုက်ခြင်း၊ ငါ့ဟာဟု မြဲမြံစွာ ဆုံးဖြတ်ခြင်း၊ နှစ်သက်ခြင်း ဆန္ဒရာဂ၊ အသုံးချရန် စိတ်ပိုင်းဖြတ်ခြင်း၊ ရခြင်း၊ ရှာမှီးခြင်း၊ တပ်မက်ခြင်း တဏှာ ၃-ပါး၊ ခံစားခြင်း ဝေဒနာ၊ တွေ့ထိခြင်း ဖဿ ၆-ပါး၊**

**ပဋိလောမနည်းဖြင့် တဖန်ထပ်ပြ**

အနုလောမနည်းဖြင့် ပြပြီး၍ ယခုအခါ၌ ပဋိလောမနည်း-အပြန်အားဖြင့် ထပ်ပြလိုသောကြောင့် "အာရက္ခာဓိကရဏံ" စသည်ကို ဟောတော်မူပြန်၏။ (ဋ္ဌ၊ ၉၀)

(ပါ-၁၁၂) **တဏှာ ၃-ပါး**

**၁။ ကာမတဏှာ-** ရူပါရုံစသော အာရုံငါးပါး ကာမဂုဏ်တရား၌ တပ်မက်သောတဏှာ၊

**၂။ ဘဝတဏှာ-** "ဘဝသည် မြဲ၏"ဟု သဿတဒိဋ္ဌိနှင့် တကွဖြစ်သောတဏှာ၊

၃။ **ဝိဘဝတဏှာ**- “ဘဝသည် ပြတ်၏”ဟု ဥစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ်သောတဏှာ၊

**တဏှာ ၂-ပါးလုံး ဝေဒနာကြောင့်ဖြစ်-**

သံသရာဝဋ္ဋ၏ အရင်းခံဖြစ်သော ဝဋ္ဋမူလတဏှာနှင့်, အဆက်မပြတ် ဖြစ်တတ်သော သမုဒါစာရ တဏှာ ဤနှစ်ပါးလုံး ဝေဒနာကြောင့်သာ ဖြစ်ရ၏။

**တွေ့ထိမှု ‘ဖဿ’ကြောင့် ခံစားမှု ‘ဝေဒနာ’ဖြစ်ပုံ-ချုပ်ပုံ**

(ပါ-၁၁၃) **“အာနန္ဒာ… တွေ့ထိမှု ‘ဖဿ’ကြောင့် ခံစားခြင်း ‘ဝေဒနာ’ဖြစ်ပုံကို ဤဆိုလတ့်သော အကြောင်း တို့ဖြင့် သိအပ်၏။”**

**“အာနန္ဒာ… တစ်စုံတစ်ခုသော ဘုံ၌ တစ်စုံတစ်ယောက်သော သတ္တဝါအား မျက်စိအတွေ့၊ နား အတွေ့ စသော တွေ့ထိမှုသည် အချင်းခပ်သိမ်း မရှိခဲ့သော် ခံစားခြင်းသည် ထင်ရှားနိုင်ပါမည်လော?”**

**“မထင်ရှားနိုင်ပါ ဘုရား”**

**“အာနန္ဒာ… ထို့ကြောင့် ဤတွေ့ထိမှုသည်သာလျှင် ခံစားခြင်း၏ အကြောင်းတရား ဖြစ်၏။ အထောက်အပံ့ ဖြစ်၏။”**

**ဤ၌ ဝိပါက်ဖဿကိုယူ…**

ဤ၌ ဖဿအားလုံးသည် ဝိပါက်စိတ်၌ယှဉ်သော ဖဿတို့ ချည်းသာဖြစ်၏။ ထိုဝိပါက်ဖဿ တို့တွင်လည်း ဤနေရာ၌ လောကုတ္တရာ ဝိပါက်လေးပါးကို ချန်ထား၍ လောကီဝိပါက် ၃၂-ပါး၌ရှိသော ဖဿကိုသာ ယူရမည်။ အကြောင်းမှာ ဤပဋိစ္စသမုပ္ပါဒ်ဒေသနာဟူသည် သံသရာဝဋ္ဋလည်ကြောင်းကို ပြဆိုရာ ဖြစ်သောကြောင့်တည်း။ (ဋီကာ)

**နာမ်ရုပ်ကြောင့် တွေ့ထိမှု’ဖဿ’ဖြစ်ပုံ-ချုပ်ပုံ**

(ပါ-၁၁၄) **"အာနန္ဒာ… နာမ်ရုပ်ကြောင့် တွေ့ထိမှုဖြစ်ပုံကို ဤဆိုလတ့်သော အကြောင်းဖြင့် သိအပ်၏။”**

**“အာနန္ဒာ… အကြင်အခြင်းအရာတို့ကြောင့် နာမ်ရုပ်ဟူ၍ ခေါ်ဝေါ်ပညတ်၏။ ထိုအခြင်းအရာများ မရှိခဲ့သော် တွေ့ထိမှုသည် ထင်ရှားနိုင်ပါမည်လော?”**

**“မထင်ရှားနိုင်ပါ ဘုရား”**

**“အာနန္ဒာ… ထို့ကြောင့် ဤနာမ်ရုပ်သည်သာလျှင် တွေ့ထိမှု၏ အကြောင်းတရားဖြစ်၏။ အထောက်အပံ့ ဖြစ်၏။**

**နာမ်နှင့်ရုပ် အပြန်အလှန်**

**ပထမပုစ္ဆာ။ ။“အာနန္ဒာ… အာရုံကို တွေ့ခြင်း, ခံစားခြင်း, မှတ်သားခြင်းစသော သဘောတို့ဖြင့် ညွှန်ပြအပ်သော ဖဿ, ဝေဒနာ, သညာစသော နာမ်အပေါင်း ‘နာမကာယ’ကို ဖဿ, ဝေဒနာ, သညာ**

**စသည်ဖြင့် ခေါ်ဝေါ်ပညတ်ရ၏။ ထိုညွှန်ပြအပ်သော နာမ်သဘောတို့ မရှိခဲ့သော် အမည်ဖြင့် ကြံ့,သိ,တွေ့ ရသည့် 'အဓိဝစန သမ္ဖဿ[1]'သည် ရုပ်အပေါင်း 'ရူပကာယ'၌ ထင်ရှားနိုင်ပါ ဦးမည်လော?"**

**"မထင်ရှားနိုင်ပါ ဘုရား"**

**အဓိပ္ပါယ်။** ။ခံစားခြင်းသဘော၊ မှတ်သားခြင်းသဘော၊ စေ့ဆော်တိုက်တွန်းခြင်းသဘော၊ အာရုံကို အထူး သိခြင်းသဘော (ပရမတ္ထသဘော)တို့ဖြင့် ညွှန်ပြအပ်သော နာမ်အပေါင်း"နာမကာယ"ကို "ဖဿ, ဝေဒနာ, သညာ, ဝိညာဏ်" ဟူသော ဝေါဟာရပညတ်များ တင်၍ ခေါ်ဝေါ်ရ၏။ ထို ဝေဒနာစသော အခြင်းအရာ သဘောတရားတို့ မရှိခဲ့လျှင် စိတ်ဖြင့်သိအပ်သော မနောသမ္ဖဿသည် မဖြစ်နိုင်။ ထိုသို့မဖြစ်နိုင်လျှင် ထိုမနောသမ္ဖဿသည် ရုပ်အပေါင်းဟူသော 'ရူပကာယ'၌ သွား၍ ထင်ရှားဖြစ်နိုင်အံ့လော? ဟု ဆိုလိုခြင်း ဖြစ်၏။

ဤသို့မေးရာ၌ ရှင်အာနန္ဒက "သရက်ပင်မရှိလတ်သော် သပြေပင်မှ သရက်သီးမှည့် သီးခြင်းကဲ့သို့" ဖြစ်နေ၍ ရူပကာယ၌ မနောသမ္ဖဿ၏ ဖြစ်ခြင်းကို လက်မခံလိုသောကြောင့် "မထင်ရှားနိုင်ပါ, မဖြစ်နိုင်ပါ"ဟု ဖြေခြင်းဖြစ်၏။

**ဒုတိယပုစ္ဆာ။ ။"အာနန္ဒာ… ကြမ်းတမ်းခက်မာခြင်း, ယိုစီးခြင်း, ပူခြင်းအေးခြင်း, ထောက်ကန်ခြင်း စသော သဘောတို့ဖြင့် ညွှန်ပြအပ်သော ပထဝီ, အာပေါ, တေဇော, ဝါယော စသော ရုပ်အပေါင်း 'ရူပကာယ'ကို ပထဝီ, အာပေါ, တေဇော, ဝါယော စသည်ဖြင့် ခေါ်ဝေါ်ပညတ်ရ၏။ ထိုညွှန်ပြအပ်သော သဘောတို့ မရှိခဲ့သော် ထိခိုက်တွေ့ 'ပဋိဃသမ္ဖဿ[2]'သည် နာမ်အပေါင်း 'နာမကာယ'၌ ထင်ရှားနိုင်ပါ ဦးမည်လော?"**

**"မထင်ရှားနိုင်ပါ ဘုရား"**

**အဓိပ္ပါယ်။** ။ကြမ်းတမ်းခက်မာခြင်းသဘော, ယိုစီးခြင်းသဘော, ပူခြင်းအေးခြင်းသဘော, ထောက်ကန်ခြင်း သဘောတို့ဖြင့် ညွှန်ပြအပ်သော ရုပ်အပေါင်း 'ရူပကာယ'ကို "ပထဝီ, အာပေါ, တေဇော, ဝါယော"ဟူသော ဝေါဟာရ စကားလုံးများတင်၍ ခေါ်ရ၏။ ထိုအခြင်းအရာ သဘောတရားများ မရှိခဲ့လျှင် အာရုံနှင့်ဒွါရတို့ အချင်း ချင်း တိုက်ဆိုင်မှုကြောင့်ဖြစ်သော ပဋိဃသမ္ဖဿသည် 'နာမကာယ'၌ သွား၍ ထင်ရှားနိုင်ပါဦးမည်လော?ဟု မေးခြင်းဖြစ်၏။

ဤအမေး၌ "သပြေပင်မရှိလတ်သော် သရက်ပင်မှ သပြေသီးမှည့် သီးခြင်းကဲ့သို့" ဖြစ်နေ၍ မနောသမ္ဖဿ ၌ ပဋိဃသမ္ဖဿ၏ ဖြစ်ခြင်းကို ပယ်မြစ်လိုသောကြောင့် ရှင်အာနန္ဒာက "မထင်ရှားနိုင်ပါ၊ မဖြစ်နိုင်ပါဘုရား"ဟု ဖြေခြင်းဖြစ်၏။

**တတိယပုစ္ဆာ။ ။"အာနန္ဒာ… ဖဿစသော နာမ်အပေါင် 'နာမကာယ'ကိုင်၊ ပထဝီစသော ရုပ်အပေါင်း 'ရူပကာယ'ကိုင်း ဖဿစသည်, ပထဝီစသည်အားဖြင့် ခေါ်ဝေါ်ပညတ်ရ၏။ ထိုညွှန်ပြ**

---

[1] အဓိဝစန-သမ္ဖဿ ဟူသည်- မနောဒွါရ၌ဖြစ်သော ကြံသိလျက် တွေ့သော 'မနောသမ္ဖဿ'ပင်တည်း။

[2] ပဋိဃသမ္ဖဿ ဟူသည်- ပဉ္စဒွါရ၌ ဝတ္ထုနှင့်အာရုံတို့ အချင်းချင်းထိခိုက်မှုကြောင့် ဖြစ်ပေါ်လာသော သမ္ဖဿကို ခေါ်သည်။

**အပ်သော သဘောတို့မရှိခဲ့သော် ကြံသိတွေ့ 'အဓိဝစန သမ္ဖဿ'သည်၎င်း, ထိခိုက်တွေ့ 'ပဋိဃသမ္ဖဿ' သည်၎င်း ထင်ရှားနိုင်ပါ ဦးမည်လော?"**

**"မထင်ရှားနိုင်ပါ ဘုရား"**

**အဓိပ္ပါယ်။** ။ ဤတတိယပုစ္ဆာ၌ နှစ်ပါးစုံသော မနောသမ္ဖဿ, ပဋိဃသမ္ဖဿတို့၏ အစွမ်းဖြင့် ပုစ္ဆာထုတ်၍ မေးပြန်၏။ ဤမေးခွန်း၌ ဟင်းလင်းပြင် အာကာသထဲ၌ သရက်သီးမှည့် သပြေသီးမှည့်တို့ ဖြစ်ခြင်းကဲ့သို့ နာမ်ရုပ် နှစ်ပါးတို့ မရှိခဲ့လျှင် မနောသမ္ဖဿ, ပဋိဃသမ္ဖဿတို့၏ ဖြစ်ပေါ်နိုင်ခြင်းကို လက်မခံလိုသောကြောင့် "နော ဟေတံ ဘန္တေ-မဖြစ်နိုင်ပါဘုရား"ဟု လျှောက်ခြင်းဖြစ်၏။

**စတုတ္ထပုစ္ဆာ။** ။**"အာနန္ဒာ... အကြင် ညွှန်ပြအပ်သော သဘောတို့ဖြင့် နာမ်ရုပ်တို့ကို ခေါ်ဝေါ်ပညတ် ရ၏။ ထိုညွှန်ပြအပ်သော နာမ်ရုပ်သဘောတို့ မရှိခဲ့သော် တွေ့ခြင်း'ဖဿ'သည် ထင်ရှားရှိပါဦးမည် လော?"**

**"မထင်ရှားနိုင်ပါ ဘုရား"**

**"အာနန္ဒာ.... ထို့ကြောင့် နာမ်ရုပ်သည်သာလျှင် တွေ့ထိခြင်း'ဖဿ'၏ အကြောင်းရင်းပေတည်း။**

မှတ်ချက်။ ။ရှေး၌ နှစ်ပါးသော မနောသမ္ဖဿနှင့် ပဋိဃသမ္ဖဿတို့၏ အသီးသီးသော အကြောင်းတရားကို ပြတော်မူပြီး၍ ယခုအခါ၌ ထိုဖဿနှစ်ပါးတို့၏ အကြောင်းကို မခွဲခြားတော့ပဲ သာမညအားဖြင့် နာမ်ရုပ်ဟူသော အကြောင်းတရားကို ပြဖို့ရန် ဤစတုတ္ထမေးခွန်းကို မေးခြင်းဖြစ်၏။

**နာမ်ရုပ်ဖြစ်လျှင် ဖဿဖြစ်တော့၏-**

နာမ်ရုပ်ဖြစ်လျှင် ဒွါရ၆-ပါး၌ ဖြစ်၏။ ထိုနာမ်ရုပ်သည်ပင် အကျိုးကို ဖြစ်စေနိုင်သော အကြောင်း ဖြစ်၏။

ဥပမာ- စက္ခုပသာဒ စသည်နှင့် အဆင်းရူပါရုံ စသည်တို့သည် ရုပ်မည်၏။ ဖဿနှင့် အတူဖြစ် ကုန်သော ဝေဒနာစသည်တို့သည် နာမ်မည်၏။ ဤစက္ခုသမ္ဖဿ စသည့် ငါးပါးသော သမ္ဖဿတို့ သည် နာမ်ရုပ်ဟူသော အကြောင်းကြောင့်သာ ဖြစ်သော ဖဿပေတည်း။

မနောဒွါရ၌လည်း ဟဒယဝတ္ထုနှင့် အာရုံရုပ်သည် ရုပ်မည်၏။ ဖဿနှင့် အတူဖြစ်ကုန်သော နာမ်တရားတို့သည်၎င်း, အာရုံနာမ်တရားသည်၎င်း နာမ်မည်၏။ ဤမနောသမ္ဖဿသည်လည်း နာမ်ရုပ် ဟူသော အကြောင်းကြောင့်ဖြစ်သော ဖဿပေတည်း။

**ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ပုံ**

(ပါ-၁၁၅။) **"အာနန္ဒာ... ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ပုံကို ဤဆိုလတ္တံ့သော အကြောင်းဖြင့် သိအပ်၏။"**

**"အာနန္ဒာ... အကယ်၍ ဝိညာဏ်သည် အမိဝမ်း၌ မသက်ရောက်ခဲ့သော် နာမ်ရုပ်သည် အမိဝမ်း၌ ပေါင်းစည်း ဖြစ်ပေါ်နိုင်ပါမည်လော?"**

**"မဖြစ်ပေါ်နိုင်ပါ ဘုရား"**

**"အာနန္ဒာ... အကယ်၍ ဝိညာဏ်သည် အမိဝမ်း၌ သက်ရောက်ပြီးနောက် ချုပ်ငြိမ်းသွားခဲ့လျှင် နာမ်ရုပ်သည် ဤခန္ဓာကိုယ်ကို ဖြစ်ပေါ်စေနိုင်ပါမည်လော?"**

**"မဖြစ်ပေါ်စေနိုင်ပါ ဘုရား"**

**"အာနန္ဒာ... အကယ်၍ သူငယ်(သို့မဟုတ်)သူငယ်မ၏ ဝိညာဏ်သည် ငယ်စဉ်က ချုပ်ငြိမ်းသွားခဲ့ လျှင် နာမ်ရုပ်သည် စည်ပင်ဖွံ့ဖြိုးခြင်းသို့ ရောက်နိုင်ပါမည်လော?"**

**"မရောက်နိုင်ပါ ဘုရား"**

**"အာနန္ဒာ... ထို့ကြောင့် ဤဝိညာဏ်သည်သာလျှင် နာမ်ရုပ်၏ အကြောင်းတရား ဖြစ်၏။ အထောက်အပံ့ ဖြစ်၏။"**

**အဓိပ္ပါယ်။** ။ဝိညာဏ်မပါဘဲ နာမ်ရုပ်သက်သက်မျှဖြင့် အမိဝမ်း၌ ပဋိသန္ဓေ မတည်နိုင်။ (ပဋိသန္ဓေ အခိုက်၌ ပဋိသန္ဓေစိတ်၊ ၎င်းနှင့်ယှဉ်ဘက် စေတသိက်၊ ကမ္မဇရုပ် ၃၀-တို့ တပြိုင်နက် ဖြစ်ပေါ်ရ၏။) ထိုသို့ မတည်နိုင်လျှင် မမွေးဖွားနိုင်၊ ၅-နှစ်သား, ၁၀-နှစ်သားစသည်ဖြင့် အရွယ်အားဖြင့်လည်း မကြီးပွားနိုင်၊ နောက်ဆုံး စုတိ၏ အစွမ်းဖြင့်လည်း ပျက်စီးရခြင်း မရှိနိုင်တော့ပေဟု ဆိုလို၏။

**ဥပမာစကားရပ်။** ။ရှင်ဘုရင်က မိမိ၏ လက်အောက်ငယ်သားများကို နှိပ်ကွပ်လို၍ "မင်းတို့ကို အိမ်ရှေ့ရာထူး၊ စစ်သူကြီးရာထူး စသည် ဘယ်သူက ပေးထားတာတုန်း၊ ငါပေးထားတာ မဟုတ်လား? မင်းတို့ချည်း ဒီလိုရာထူး ရနိုင်လို့လား"ဟု မေးသကဲ့သို့-

ထို့အတူပင် ဝိညာဏ်က "ပဋိသန္ဓေနေသော အခါ၌ ငါက ရှေ့ဆောင်သွား၍ 'မင်းက နာမ်၊ မင်းက ရုပ်၊ မင်းက နာမ်ရုပ်'ဟူ၍ ငါက ပြုထားသည် မဟုတ်လော။ ငါမပါဘဲ သင်တို့ချည်းသက်သက် ဖြစ်နိုင်အံ့လော? မေးသကဲ့သို့ပင် ဖြစ်၏။ ဤနည်းအားဖြင့် ဝိညာဏ်သည် နာမ်ရုပ်အား ရှေ့ဆောင်ပစ္စနအားဖြင့် အထောက်အပံ့ပေး၏။

## နာမ်ရုပ်ကြောင့် ဝိညာဏ်ဖြစ်ပုံ

(ပါ-၁၁၆။) **"အာနန္ဒာ... နာမ်ရုပ်ကြောင့် ဝိညာဏ်ဖြစ်ပုံကို ဤဆိုလတ္တံ့သော အကြောင်းဖြင့် သိအပ်၏။ "အာနန္ဒာ... အကယ်၍ ဝိညာဏ်သည် နာမ်ရုပ်၌ မှီရာကို မရခဲ့သော် နောင်အခါ၌ ပဋိသန္ဓေ နေခြင်း, အိုခြင်း, သေခြင်းတို့နှင့်တကွ ဆင်းရဲဒုက္ခအပေါင်းသည် ထင်ရှားနိုင်ပါမည်လော?"**

**"မထင်ရှားနိုင်ပါ ဘုရား"**

**"အာနန္ဒာ... ထို့ကြောင့် ဤနာမ်ရုပ်သည်သာလျှင် ဝိညာဏ်၏ အကြောင်းတရားဖြစ်၏။ အထောက်အပံ့ ဖြစ်၏။"**

**အဓိပ္ပါယ်။** ။ပဋိသန္ဓေအခိုက်၌ ဝိညာဏ်သည် အခြားဝေဒနာ, သညာ, သင်္ခါရဟူသော စေတသိက်ခန္ဓာ ၃-ပါးနှင့် ဟဒယဝတ္ထုရုပ်တို့ကို အမှီမရခဲ့လျှင် သူချည်းသက်သက် မတည်နိုင်။ ပဋိသန္ဓေ မတည်နိုင်လျှင် အိုခြင်း,သေခြင်းတို့လည်း မဖြစ်နိုင်တော့ ဟူလို...။

**ဥပမာစကားရပ်။** ။မင်းချင်းယောက်ျားတို့က မင်းကို ပြန်နှိပ်ကွပ်လိုသဖြင့် "အိမ်ရှေ့မင်းသားတို့, စစ်သူကြီးတို့ အခြံအရံမရှိပဲ သင်တစ်ယောက်တည်း မင်းဖြစ်နိုင်ပါ၏လော? အသင်၏ မင်းအဖြစ်ကို ကျွန်ုပ်တို့က အသိအမှတ် ပြုပေးထားသည် မဟုတ်တုံလော?ဟု ပြန်၍မေးဘိသကဲ့သို့...၊ ထို့အတူပင် နာမ်ရုပ်တို့က လည်း ဝိညာဏ်ရုပ်တည်နိုင်အောင် များစွာ အထောက်အပံ့ပြုထား၏။

(ပါ-၁၁၆။ နိဂုံးပိုဒ်) **"အာနန္ဒာ... ဤသို့ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုသော ဝိညာဏ်နှင့် နာမ်ရုပ်မှုဖြင့်ပင် သတ္တဝါသည် ဖြစ်မူလည်း ဖြစ်ရာ၏။ အိုမူလည်း အိုရာ၏။ သေမူလည်း သေရာ၏။ အဖန်ဖန် စုတေ၍, အဖန်ဖန် ဖြစ်ရာ၏။ ဤဝိညာဏ်နှင့် နာမ်ရုပ်မှုဖြင့် အမည်ပညတ်တို့သည် ဖြစ်ပေါ် ကုန်၏။ ဝဋ်သုံးပါးသည် လည်၍နေ၏။ ခန္ဓာငါးပါးသည် ထင်ရှား၏။"**

**တွေ့ကေနေဝ - ဤမျှဖြင့်သာ...**

ဤမျှသော ဝိညာဏ်နှင့် နာမ်ရုပ်၊ နာမ်ရုပ်နှင့် ဝိညာဏ်တို့၏ အချင်းချင်း ကျေးဇူးပြု ထောက်ပံ့ခြင်းမျှဖြင့် သတ္တဝါသည် ဖြစ်ရ၏၊ အိုရ၏၊ သေရ၏။ ဤမှတပါး အခြား ပြုလုပ်တတ်, ခံစားတတ်သော အသက်ရှင်နေသည့် ဇီဝအတ္တသည်၎င်း၊ ဖန်ဆင်းရှင် မဟာဗြဟ္မာစသည်၎င်း ဖြစ်စေအပ်သည် မဟုတ်ဟု **ဝိညာဏ်-နာမ်ရုပ်မှတပါး အခြား အကြောင်းမှားများကို တားမြစ်ပေသည်။**

**ဝဋ်သုံးပါး**

၁။ ကိလေသဝဋ်= ကိလေသာတည်းဟူသော အဖန်ဖန်ဖြစ်တတ်, လည်ပတ်တတ်သောတရား။
၂။ ကမ္မဝဋ်= လောကီကုသိုလ်, အကုသိုလ် ကံဟူသော အဖန်ဖန်ဖြစ်တတ် လည်ပတ်တတ်သောတရား။
၃။ ဝိပါကဝဋ်= လောကီဝိပါက် နာမက္ခန္ဓာ, ကဋတ္တာရုပ်ဟူသော အဖန်ဖန်ဖြစ်တတ်, လည်ပတ်တတ်သော တရား။

*************************

# အတ္တကို ပညတ်သူ

**အနုသန္ဓေ။** ။အထက်ပါစကားရပ်များဖြင့် ပဋိစ္စသမုပ္ပါဒ် နက်နဲပုံကို ရှင်းပြခဲ့ပြီး၍ ယခုအခါ၌ အတ္တဝါဒ၏ စာပေါင်းသိုက်ကဲ့သို့ ရှုပ်ထွေးလှပုံကို အာနန္ဒာအား ဆက်လက်ဟောကြားလိုသောကြောင့် ဤအတ္တပညတ်ကို ဟောတော်မူခြင်းဖြစ်၏။

"အတ္တ"ဟူသည် မည်သည့်အတ္တမျှ အစစ်အမှန် ပရမတ္ထအားဖြင့် မရှိပေ။ မိစ္ဆာအယူရှိသူတို့ သက်သက်ကြံဆ၍ ယူထားခြင်းမျှသာ ဖြစ်သည်။ ထို့ကြောင့် သူတို့ ထင်ရာမြင်ရာကို အတ္တဟု

စွဲတတ်ကြ၏။ ဤနေရာ၌ **ကသိုဏ်းအာရုံနိမိတ်ကိုပင် "အတ္တ"ဟု စွဲပုံ၊ ထိုအတ္တသည် "ရုပ်ရှိ၏" စသည်ဖြင့် ကြံစည်တတ်ပုံများကို** ဆက်၍ ဟောတော်မူ၏။

(ပါ-၁၁၇။) **"အာနန္ဒာ... အတ္တကိုပညတ်သူသည်-**

**၁။ အချို့က 'ငါ၏ အတ္တသည် ရုပ်ရှိ၏၊ အပိုင်းအခြားလည်း ရှိ၏'ဟု ပညတ်၏။**

**၂။ အချို့က 'ငါ၏ အတ္တသည် ရုပ်ရှိ၏၊ အပိုင်းအခြားတော့ မရှိ'ဟု ပညတ်၏။**

**၃။ အချို့က 'ငါ၏ အတ္တသည် ရုပ်မရှိ၊ အပိုင်းအခြား ရှိ၏'ဟု ပညတ်၏။**

**၄။ အချို့က 'ငါ၏ အတ္တသည် ရုပ်မရှိ၊ အပိုင်းအခြားလည်း မရှိ'ဟု ပညတ်၏။**

**နံပတ်(၁)ပုဂ္ဂိုလ်-**

"ငါ၏အတ္တသည် ရုပ်ရှိ၍ အပိုင်းအခြားရှိ၏"ဟူသည်... မိစ္ဆာအယူရှိသူသည် မိမိအားထုတ်နေသော ကသိုဏ်းနိမိတ် စိတ်ထဲ၌ ထင်လာသောအခါ ထိုထင်လာသော အာရုံကသိုဏ်းနိမိတ်ကို "အတ္တ"ဟု ယူဆ၏။ ထိုရ,ထားသော မူလကသိုဏ်းနိမိတ်သည် ဘာဝနာ၏ အစွမ်းဖြင့် မဖြန့်ရသေးလျှင် မူလအတိုင်းပင် သေးငယ်နေ၏။ ထို့ကြောင့် သူ၏အတ္တသည် "ရုပ်ရှိ၏။ သို့သော် သေးငယ်၏"ဟု ယူဆခြင်း ဖြစ်၏။

နီလ,ပီတစသော ကသိုဏ်းအမျိုးမျိုးကို အာရုံပြု၍ ဈာန်ရ,ထားသော ပုဂ္ဂိုလ်သည်ကား ထိုအတ္တကိုပင် တခါတရံ "နီလ"ဟူ၍၎င်း၊ တခါတရံ "ပီတ"ဟူ၍၎င်း စွဲမှတ်ကြပြန်၏။

**နံပတ်(၂)ပုဂ္ဂိုလ်-**

"ငါ၏အတ္တသည် ရုပ်ရှိ၍, အပိုင်းအခြားမရှိ"ဟူသည်... မိမိရ,ထားသော ကသိုဏ်းနိမိတ်ကို အာရုံပြု၍ စိတ်ဖြင့် အကျယ်ဖြန့်လိုက်လျှင် အဆုံးအပိုင်းအခြား မရှိ ကျယ်ပြန့်သွားတော့၏။ "ထို့ကြောင့် "ငါ၏ အတ္တသည် ရုပ်ရှိ၍ အပိုင်းအခြား မရှိ"ဟု စွဲယူခြင်းဖြစ်၏။

**နံပတ်(၃)ပုဂ္ဂိုလ်-**

"ငါ၏အတ္တသည် ရုပ်မရှိ၊ အပိုင်းအခြားတော့ရှိ၏"ဟူသည်... မချဲ့ရသေးသော မူလကသိုဏ်းနိမိတ်ကို ဘာဝနာဖြင့် ပယ်ခွါ၍ ထိုကသိုဏ်းနိမိတ်နှင့် တွေ့ထိအပ်သော ကောင်းကင်အရပ်ကိုသော်၎င်း၊ ထိုကသိုဏ်းနိမိတ် ထိရာအရပ်၌ အာရုံပြုနေသော နာမ်ခန္ဓာလေးပါးတို့ကိုသော်၎င်း၊ ထိုနာမ်ခန္ဓာလေးပါးတို့တွင် 'အတ္တဟူသည် ဝိညာဏ်ဖြင့်သာ ပြီး၏'ဟု အယူရှိသောသူက ဝိညာဏ်မျှကိုသော်၎င်း "အတ္တ"ဟု ယူ၏။ ထို့ကြောင့် ထိုသူသည် "ငါ၏အတ္တသည် ကသိုဏ်းရုပ် မရှိ၊ အပိုင်းအခြားတော့ ရှိ၏"ဟု စွဲမှတ်ယူဆခြင်း ဖြစ်၏။

**နံပတ်(၄)ပုဂ္ဂိုလ်-**

"ငါ၏အတ္တသည် ရုပ်လည်းမရှိ, အပိုင်းအခြားလည်း မရှိ"ဟူသည်... ချဲ့ပြီးသော ကသိုဏ်းနိမိတ်ကို ဘာဝနာစိတ်ဖြင့် ခွါအပ်ပြီး၍ ထိုကသိုဏ်းနိမိတ်နှင့် တွေ့ထိအပ်သော ကောင်းကင်အရပ်ကိုသော်၎င်း၊

ထိုထိရာအရပ်ကို အာရုံပြုနေသော နာမ်ခန္ဓာလေးပါးကိုသော်၎င်း၊ ထိုလေးပါးတို့တွင် ဝိညာဏ်မျှကို သော်၎င်း "အတ္တ"ဟု ယူဆ၏။ ထို့ကြောင့် ထိုသူသည် "ငါ၏အတ္တသည် ရုပ်မရှိ၊ အပိုင်းအခြားလည်း မရှိ"ဟု ယူဆခြင်းဖြစ်၏။

**(ပါ-၁၁၈။)** **ထိုလေးယောက်တို့တွင် 'ငါ၏ အတ္တသည် ရုပ်ရှိ၍ အပိုင်းအခြား ရှိ၏'ဟု ပညတ်သူသည် ယခု ပစ္စုပ္ပန်ဘဝ၌သာ ဖြစ်သော အတ္တကိုဖြစ်စေ၊ နောင်တမလွန် ဘဝ၌လည်းဖြစ်သော အတ္တကို ဖြစ်စေ ယင်းသို့ ပညတ်ခြင်း ပြု၏။**

**ထိုသူအား သူတပါးတို့ အမြင်အားဖြင့် 'မဟုတ်မမှန် ဖြစ်နေသည်ကို အဟုတ်အမှန် ဖြစ်အောင်ပြုအံ့'ဟူ၍လည်း စိတ်အကြံ ဖြစ်၏။ ဤသို့ဖြစ်သော် ထိုသူ့သန္တာန်၌ 'ရုပ်ရှိ၍ အပိုင်း အခြားရှိသော အတ္တစွဲအယူ "ရူပီ-ပရိတ္တတ္တာနုဒိဋ္ဌိ" ကိန်းနေသည်'ဟု ဆိုနိုင်၏။**

## အဓိပ္ပါယ်ရှင်းချက်...

### ဤဘဝ, နောက်ဘဝ၌ အတ္တကို ပညတ်သူများ-

အတ္တစွဲသူ ထိုလေးယောက်တို့တွင် ဥစ္ဆေဒဒိဋ္ဌိ အယူရှိသူတို့က ထိုအတ္တကို "ဤပစ္စုပ္ပန်ဘဝ၌သာ ဖြစ်၏"ဟု စွဲယူကြ၏။ နောက်အနာဂတ် ဘဝများ၌ မပညတ်ကြပေ။ သဿတဒိဋ္ဌိ အယူရှိသူများကား "ဤအတ္တသည် နောက်အနာဂတ်ဘဝများ၌လည်း ဖြစ်မြဲ ဖြစ်လတ္တံ့"ဟု စွဲယူကြ၏။

သဿတဝါဒနှင့် ဥစ္ဆေဒဝါဒရှိသူ ထိုသူနှစ်ယောက်တို့သည် အချင်းချင်း မိမိတို့အယူသာ မှန်ကြောင်း၊ ကျန်သောအယူ မှားကြောင်း၊ ဤသို့ အပြန်အလှန်ပြောဆိုကာ မိမိဝါဒသို့ပါလာအောင် ပြောဆိုကြ, ငြင်းခုံကြကုန်၏။ ဤသို့အားဖြင့် အခက်အရွက်တို့ဖြင့် ရှုပ်ထွေးနေသော နွယ်များကဲ့သို့ အယူဝါဒများ ရှုပ်ထွေးလာကုန်၏။

### ရုပ်နှင့်နာမ်ကို အတ္တဟု ယူဆပုံ

"အသက်ရှင်နေသော အတ္တကောင် ရှိ၏။ ထိုအတ္တကောင်သည် ရူပကသိုဏ်းစျာန်ကို ရရှိ၏။ သေးငယ်၏" ဤသို့သော အယူရှိသူကို "**ရူပီ-ပရိတ္တတ္တာနုဒိဋ္ဌိ**" အယူရှိသူဟု ဆို၏။

ရုပ်မဟုတ်သော အရူပကသိုဏ်းစျာန်ကို ရသော (တနည်း) ရုပ်မဟုတ်သော နာမ်ခန္ဓာလေးပါးလျှင် ကျက်စားရာအာရုံသော သူသည် ရုပ်မဟုတ်သည့် ထိုနာမ်တရားကိုပင် "အတ္တ"ဟုကြံ၍ ယူဆ၏။ ထိုပုဂ္ဂိုလ်မျိုးကို "**အရူပီ-ပရိတ္တတ္တာနုဒိဋ္ဌိ**" အယူရှိသူဟု ဆို၏။

### မိစ္ဆာဒိဋ္ဌိအယူရှိသူ ၁၆-မျိုး ဖြစ်လာပုံ

၁။ ကိုယ်တိုင်စျာန်ရသဖြင့် ထိုအတ္တအယူကို ကြံဆကာ သူတပါးတို့ကို သင်လာသောဆရာ ၄-ယောက်၊
၂။ ထိုဆရာကြီးတို့ထံမှ နည်းခံသင်ယူခဲ့သော တပည့်ကြီး ၄-ယောက်၊
၃။ သင်ယူမှုမရှိပဲ သက်သက် "အတ္တရှိ၏"ဟု တွေးခေါ်ကြံဆ၍ ယူသော ဆရာ ၄-ယောက်၊
၄။ ထိုဆရာကြီးတို့နည်းကို နှစ်သက်သဘောကျ၍ နည်းခံယူသော တပည့်ကြီး ၄-ယောက်၊

ဤသို့အားဖြင့် မိစ္ဆာဒိဋ္ဌိအယူရှိသော ပုဂ္ဂိုလ်အမျိုးအစား ၁၆-မျိုး ကွဲပြားသွား၏။

# အတ္တကို မပညတ်သူ-

(ပါ-၁၁၉။) **“အာနန္ဒာ... အတ္တကို မပညတ်သူသည်-**

**၁။ အချို့က ‘ငါ၏ အတ္တသည် ရုပ်ရှိ၏၊ အပိုင်းအခြား ရှိ၏’ဟု မပညတ်။**

**၂။ အချို့က ‘ငါ၏ အတ္တသည် ရုပ်ရှိ၏၊ အပိုင်းအခြား မရှိ’ဟု မပညတ်။**

**၃။ အချို့က ‘ငါ၏ အတ္တသည် ရုပ်မရှိ၊ အပိုင်းအခြား မရှိ’ဟု မပညတ်။**

**၄။ အချို့က ‘ငါ၏ အတ္တသည် ရုပ်မရှိ၊ အပိုင်းအခြားလည်း မရှိ’ဟု မပညတ်။**

**အတ္တကို မပညတ်သူ ၃-မျိုး**

၁။ အရိယာပုဂ္ဂိုလ်များ၊

၂။ ပိဋကတ်ဗဟုသုတ ရှိသူများ၊ (ပရိယတ္တိကို ကောင်းစွာ နားလည်အောင် သင်ယူထားသောသူများ၊)

၃။ ပြင်းထန်စွာ တရားအားထုတ်ထားသူများ ဖြစ်သည်။

အကြောင်းမှာ- အရိယာပုဂ္ဂိုလ်တို့သည် သက္ကာယဒိဋ္ဌိကို ပယ်ပြီးသောကြောင့် “အတ္တရှိ၏”ဟု အယူမရှိတော့။ ပိဋကတ်စာပေများကို ကောင်းစွာကျနု သင်ယူထားသောသူသည်လည်း ရုပ်နာမ်ဓမ္မကို “အတ္တ”ဟု မယူဆတော့။ ဝိပဿနာတရားကို ပြင်းထန်စွာ တရားအားထုတ်ထားသော ပုဂ္ဂိုလ်သည်လည်း “အနိစ္စ,ဒုက္ခ,အနတ္တ”ဟု ပိုင်းခြားသိမြင်ပြီး ဖြစ်သောကြောင့် ရုပ်နာမ်ဓမ္မကို ‘အတ္တ’ဟု အယူမရှိတော့။

ကသိုဏ်းပဋိဘာဂ နိမိတ်အာရုံ၌ “ကသိုဏ်းရုပ်”ဟူ၍သာ အသိဉာဏ် ဖြစ်၏။ နာမ်တရားတို့၌လည်း “နာမ်တရားမျှသာ”ဟူသော အသိဉာဏ် ဖြစ်၏။

**မှတ်ချက်။** ။ဤနေရာ၌ သာသနာတွင်း လောကီစျာန်အဘိညာဉ်ရသော ပုဂ္ဂိုလ်ကိုပင် ထည့်၍ မယူထားပေ။

(သာသနိကောပိ စျာနာဘိညာလာဘီ ‘န ပညပေတီ’တိ န ဝတ္တဗ္ဗော့တိ သော ဣဓ န ဥဒ္ဓဋော။ ဋီ၊၁၀၉။)

***************

# အတ္တကို ရှုမြင်ယူဆသူ

(ပါ-၁၂၁။) **အတ္တကို ရှုမြင်ခြင်း (ယူဆခြင်း)**

**၁။ “ခံစားခြင်း ဝေဒနာသည် ငါ၏ အတ္တ”ဟု ယူဆ၏။**

**၂။ “ခံစားခြင်း ဝေဒနာသည် ငါ၏ အတ္တမဟုတ်။ ငါ၏အတ္တသည် မခံစားတတ်”ဟု ယူဆ၏။**

**၃။ “ငါ၏အတ္တသည် ခံစားခြင်း ဝေဒနာမဟုတ်။ ငါ၏အတ္တသည် မခံစားတတ်သည် မဟုတ်၊ ငါ၏ အတ္တသည် ခံစားတတ်၏”ဟု ယူဆ၏။**

**ပထမ ပုဂ္ဂိုလ်၏ ယူဆချက်-**

အတ္တကို ယူဆသောသူသည် ဒိဋ္ဌိ၏အစွမ်းဖြင့်သာ ရှုမြင်ကြကုန်၏။ ထိုသူတို့သည် **သက္ကာယဒိဋ္ဌိဖြစ်ကြောင်း ၂၀-အပေါ်၌သာ အခြေခံ၍** ရှုမြင်သုံးသပ်ကြကုန်၏။ ထိုသက္ကာယဒိဋ္ဌိကို မပယ်အပ်သေးသည့်အဖြစ်ကြောင့် ဝေဒနာက္ခန္ဓာလျှင် တည်ရာရှိသော ဒိဋ္ဌိအယူသည် ဖြစ်ပေါ်လာ၏။ ထို့ကြောင့် "ခံစားမှု ဝေဒနာသည် ငါ၏အတ္တ"ဟု **ဝေဒနာကို အတ္တအဖြစ်** ရှုမြင်ယူဆခြင်း ဖြစ်ပေ၏။

**ဒုတိယပုဂ္ဂိုလ်၏ ယူဆချက်-**

ဤပုဂ္ဂိုလ်သည်ကား ဝေဒနာကို အတ္တဟု မယူဆပေ၊ ထိုသို့ ဝေဒနာကို 'အတ္တမဟုတ်'ဟု ပယ်လိုက်လျှင် ထိုဝေဒနာကို အမှူးပြု၍ဖြစ်သော မှတ်သားမှု သညာကိုငင်း၊ တိုက်တွန်းနှိုးဆော်မှု စေတနာကိုငင်း၊ သိမှု ဝိညာဏ်ကိုငင်း ပယ်ပြီးသား ဖြစ်သွားတော့၏။ အဘယ့်ကြောင့်ဆိုသော် ခံစားမှု ဝေဒနာသည် ကျန်သော သညာ,သင်္ခါရ,ဝိညာဏ်တို့နှင့် မကင်းသောကြောင့်ပင်တည်း။

ထို့ကြောင့် သူ၏အတ္တသည် ခံစားမှု, သိမှတ်များကင်းသော **ရူပက္ခန္ဓာအပေါ်၌** အခြေခံ၍ တည်သော သက္ကာယဒိဋ္ဌိအယူ ဖြစ်လာပေသည်။

**တတိယပုဂ္ဂိုလ်၏ ယူဆချက်-**

ဤပုဂ္ဂိုလ်သည်ကား "သူ၏အတ္တသည် ဝေဒနာမဟုတ်၊ သူ့အတ္တသည် ခံစားတတ်သော သဘောရှိ၏"ဟု ဆိုရာ၌ သူ့အတ္တသည် ဝေဒနာကို မဆိုလိုပေ။ ဝေဒနာနှင့် ယှဉ်တွဲနေသော "သညာ, သင်္ခါရ, ဝိညာဏ်"ဟူ ခန္ဓာသုံးပါးကို အတ္တအဖြစ် ယူဆထားခြင်း ဖြစ်သည်။ ထိုခန္ဓာသုံးပါးဟူသော အတ္တသည် ခံစားမှု သဘောရှိ၏ဟု ဆိုလိုခြင်းဖြစ်ပေသည်။

ထို့ကြောင့် "**သညာ, သင်္ခါရ, ဝိညာဏ်**"ဟူသော ခန္ဓာသုံးပါးအပေါ် အခြေခံသော သက္ကာယဒိဋ္ဌိအယူဖြစ်ပေသည်။

(ပါ-၁၂။) **အာနန္ဒာ... ထိုသုံးယောက်တို့တွင် 'ခံစားခြင်းသည်ပင် ငါ၏ အတ္တ'ဟု ရှုသူကို ဤသို့ မေးသင့်၏... 'ငါ့ရှင်- ခံစားခြင်းသည် သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခ ဝေဒနာဟူ၍ သုံးမျိုးရှိ၏။ ထိုသုံးမျိုးတို့တွင် သင်သည် အဘယ်ခံစားခြင်းကို အတ္တဟု ရှုသနည်း'ဟု မေးအပ်၏။"**

**"အာနန္ဒာ.... သုခဝေဒနာကို ခံစားနေချိန်တွင် ဒုက္ခဝေဒနာနှင့် အဒုက္ခမသုခ ဝေဒနာကို မခံစားနိုင်။ ဒုက္ခဝေဒနာကို ခံစားနေချိန်တွင် သုခဝေဒနာနှင့် အဒုက္ခမသုခ ဝေဒနာကို မခံစားနိုင်။ အဒုက္ခ-မသုခ ဝေဒနာကို ခံစားနေချိန်တွင် သုခဝေဒနာနှင့် ဒုက္ခဝေဒနာကို မခံစားနိုင်။**

**အဓိပ္ပါယ်ရှင်းချက်-**

အထက်ပါ စကားရပ်ဖြင့် "ဝေဒနာကို အတ္တ"ဟု ရှုသူကို မေးမြန်းစိစစ်ခြင်း ဖြစ်၏။ ၎င်းပြင် ဝေဒနာသည် ၁-ပါးဖြစ်ခိုက် ကျန်၂-ပါး မဖြစ်နိုင်။ ထို့ကြောင့် ဝေဒနာကို "အတ္တ"ဟု ယူဆလျှင် သူ၏

အတ္တသည် “**တခါတရံ ထင်ရှားဖြစ်ပေါ်၍၊ တခါတရံ ထင်ရှားမဖြစ်ပေါ်**”ဟူသော အဓိပ္ပါယ်သို့ သက်ရောက်နေ၏ဟု သူ၏ အယူဝါဒအပေါ် အပြစ်ပြဆိုထားခြင်း ဖြစ်သည်။

(ပါ-၁၂၃။) **အာနန္ဒာ... ထို သုခ, ဒုက္ခ, အဒုက္ခမသုခ ဝေဒနာတို့သည် မမြဲ။ ကုန်ခြင်း, ပျက်ခြင်း, ချုပ်ခြင်း သဘောရှိ၏။ ပြုပြင်ရသော တရားဖြစ်၏။ အကြောင်းကြောင့် ဖြစ်၏။**

**၎င်းအဓိပ္ပါယ်။** ။“ဤဝေဒနာသုံးပါးတို့သည် အကြောင်းတရားတို့ ညီညွတ်သောအခါ ဖြစ်ပေါ်လာကြပြီးလျှင် ပျက်စီး, ကုန်ဆုံး, ချုပ်ပျောက်ရခြင်းသဘော ရှိ၏။ တည်မြဲ ခိုင်ခံ့နေသော သဘော မရှိကုန်”ဟု ဝေဒနာတို့၏ ပျက်ခြင်း“ဘင်္ဂ”သဘောကို ပြ၏။

(ပါ-၁၂၃။) **“ခံစားခြင်းဝေဒနာသည်ပင် ငါ၏ အတ္တ”ဟု ဆိုသော သူအား သုခဝေဒနာကို ခံစားစဉ်၌ “ဤသုခဝေဒနာသည် ငါ၏အတ္တ”ဟု ယူဆပြီး, ထိုသုခဝေဒနာ ချုပ်သွားသောအခါ “ငါ၏အတ္တသည် ပျက်စီးလေပြီ”ဟု ဆိုဖွယ်ဖြစ်၏။ (ကျန် ဒုက္ခ၊ အဒုက္ခမသုခ ဝေဒနာတို့၌လည်း ထို့အတူပင် ဖြစ်၏။) ထို့ကြောင့် ငါ၏အတ္တသည် မျက်မှောက်ဘဝ၌ပင် (ဝါ) မျက်မှောက်ထင်ထင်ပင် “အတ္တသည် မမြဲ, ချမ်းသာ-ဆင်းရဲတို့နှင့် ရောယှက်၏။ ဖြစ်ခြင်း-ပျက်ခြင်းသဘော ရှိ၏”ဟု ရှုရာ ရောက်ပေသည်။**

**ထို့ကြောင့် အာနန္ဒာ...ဤသို့ ရှေ့နောက် ဆန့်ကျင်နေသောကြောင့် “ဝေဒနာသည် ငါ၏အတ္တတည်း” ဟူသော အယူကို ပညာရှိတို့က မနှစ်သက်, လက်မခံကြပေ။**

### “အနိစ္စ, သုခ,ဒုက္ခသဘောတို့နှင့် ရောနှောနေ၏”-ဟူသည်

ဝေဒနာသည် ဖြစ်ခြင်း-ပျက်ခြင်း သဘောရှိသောကြောင့် သူ၏ အတ္တကို မမြဲသော အနိစ္စသဘော ရှိကြောင်း ဝန်ခံထားသလို ဖြစ်နေ၏။ ထိုဝေဒနာသည်လည်း သုံးမျိုးရှိ၍ ဝေဒနာကို အတ္တဟု ယူခဲ့လျှင် “ဝေဒနာသည် တပြိုင်နက်တည်း သုံးမျိုးလုံး ဖြစ်ပေါ်၏”ဟု ယူဆ,ရာ ရောက်နေ၏။ အမှန်မှာကား ဤသို့ မဖြစ်ပေ။ ထို့ကြောင့် သူ၏အတ္တသည် “အနိစ္စသဘော, သုခ-ဒုက္ခ-အဒုက္ခမသုခ သဘောတို့နှင့် ရောနှောနေ၏” ဟု ဆိုခြင်းဖြစ်၏။

### ပညာရှိတို့ လက်မခံနိုင်ကြပုံ-

မိစ္ဆာအယူရှိသူက ဝေဒနာသုံးပါးလုံးကို ဖြစ်စေ, တစ်ပါးပါးကို ဖြစ်စေ အတ္တဟု ယူ၏။ ထိုဝေဒနာသည် တပါးဖြစ်ခိုက် ကျန်၂-ပါး မဖြစ်နိုင်။ ထို့ကြောင့် ၎င်းတို့သည် “ဖြစ်ခြင်း-ပျက်ခြင်း”သဘော ရှိ၏။

သို့ဖြစ်လျှင် မိမိက အတ္တဟု ယူထားသော ဝေဒနာသည် မမြဲသောကြောင့် “အတ္တသည် မမြဲ”ဟူသော သဘော ဖြစ်နေလေပြီ။ “အတ္တသည် အနိစ္စမဟုတ်, အခါခပ်သိမ်း ထင်ရှားရှိပါ၏ (ဝါ) မြဲပါ၏”ဟု ဆိုပါလျှင်လည်း “ဝေဒနာသုံးးပါး တပြိုင်နက်တည်း ဖြစ်၏”ဟူသော အပြစ်သို့ ရောက်နေပြန်၏။

အတ္တ အယူရှိသူကလည်း အနိစ္စဖြစ်သော အတ္တမျိုးကို ခွင့်ပြုလိမ့်မည် မဟုတ်၊ တပြိုင်နက်တည်း သုံးပါးလုံးကလည်း မဖြစ်နိုင်။ ဤသို့လျှင် သုံးပါးလုံး တပြိုင်နက်ထဲမှာ မဖြစ်နိုင်ဟု ဝန်ခံလိုက်လျှင်

အတ္တသည် "အနိစ္စ"ဟု ဝန်ခံရာရောက်၏။ အတ္တသည် နိစ္စပါဟုဆိုလျှင်လည်း ဝေဒနာသုံးပါးလုံး တပြိုင်နက်တည်း ဖြစ်၏ဟူသော အပြစ်သို့ ဆိုက်ရောက်နေရကား ရှေ့နောက်စကားနှစ်ရပ် ဆန့်ကျင်နေ၏။ ထို့ကြောင့် ပညာရှိတို့က ဝေဒနာကို အတ္တဟု လက်မခံကြ-ဟု ဆိုလိုပေသည်။

(ပါ-၁၂၄။) **အာနန္ဒာ... ထိုသုံးယောက်တို့တွင် 'ခံစားခြင်းဝေဒနာသည် ငါ၏အတ္တ မဟုတ်။ ငါ၏အတ္တသည် မခံစားတတ်'ဟု ရှုသူကို ဤသို့မေးသင့်၏- 'ငါ့ရှင်... ခံစားခြင်း လုံးဝမရှိသော ရုပ်တရားသက်သက်၌ 'ဤကား ငါပင်တည်း'ဟု ရှုခြင်းသည် ဖြစ်နိုင်ပါမည်လော?' ဟု မေးအပ်၏။**

**ယင်းသို့မေးလျှင် 'မဖြစ်နိုင်ပါ'ဟုသာ ဖြေဆိုရမည် ဖြစ်သည်။ အာနန္ဒာ...ထို့ကြောင့် 'ခံစားခြင်း သည် ငါ၏ အတ္တမဟုတ်၊ ငါ၏အတ္တသည် မခံစားတတ်'ဟူ၍ ရှုခြင်းသည် မသင့်ချေ။ အာနန္ဒာ... ထို့ကြောင့် ဤအယူဝါဒသည်လည်း ဆိုခဲ့သော သာဓကဖြင့် မသင့်ချေ။ ၎င်းအဓိပ္ပါယ်။ ။ခံစားမှုမရှိသည့် ရုပ်ချည်းသက်သက်ကို "ငါ"ဟု ယူဆခြင်းသည် မဖြစ်နိုင်။ ထို့ကြောင့် ထိုအယူအဆကိုလည်း ပညာရှိတို့ မနှစ်သက်ကုန်။**

**ဤဝါကျ၌ ဆိုလိုရင်း။** ။ဤပုဂ္ဂိုလ်က ရုပ်ကို အတ္တဟု ယူဆ၏။ ထိုသူ့ကို မေးရမည်မှာ- "ဝေဒနာမပါသော (ဝါ) စိတ်ဝိညာဏမပါသော ဝါယောဓာတ်ဖြင့် လှုပ်ရှားနေသော ရုပ်တရားများ၌ သူတို့ကိုယ်သူတို့ ငါဟု စွဲလမ်းထင်မှတ်မှု ဖြစ်နိုင်ပါမည်လော?ဟု မေးရမည်။ ထိုသို့မေးလျှင် "မဖြစ်နိုင်ပါ"ဟုပင် ဖြေရလိမ့်မည်။

သို့ဖြစ်လျှင် လူစသော သက်ရှိခန္ဓာ၌ဖြစ်သော ရုပ်တရားများ၌လည်း အတ္တမရှိ။ အမှန်မှာ သက်ရှိခန္ဓာကိုယ်၌ ရှိသောရုပ်ကို ဒိဋ္ဌိနှင့်ယှဉ်သောစိတ်က 'အတ္တ'ဟု ယူဆနေခြင်းသာ ဖြစ်၏။ ဝါ- ကိုယ်ခန္ဓာ၌ ရှိသောရုပ်ကို ငါ့ရုပ်ဟု (ဝါ)-အတ္တ ဟု စွဲလမ်းထင်မှားနေခြင်းသာ ဖြစ်သည်ဟု ဆိုလိုသည်။

(ပါ-၁၂၅။) **အာနန္ဒာ... "ခံစားမှုဝေဒနာသည် ငါ၏ အတ္တမဟုတ်"။ "ငါ၏အတ္တသည် မခံစားတတ်သည်လည်း မဟုတ်" "ငါ၏ အတ္တသည် ခံစားတတ်၏။ ခံစားခြင်း(ဝေဒနာကဲ့သို့သော) သဘော ရှိ၏"ဟု ရှုသောသူကို ဤသို့မေးသင့်၏-**

**"ငါ့ရှင်... ခံစားခြင်း ဝေဒနာတို့သည် အကြွင်းမဲ့ ချုပ်ကုန်ငြားအံ့။ ထိုသို့ချုပ်၍ ခံစားမှု မရှိခဲ့သော် ထိုခံစားမှုကင်းသော နာမ်တရားသက်သက်၌ 'ဤကား ငါပင်တည်း'ဟု ရှုခြင်းသည် ဖြစ်နိုင်ပါမည်လော" ဟု မေးအပ်၏။ ယင်းသို့မေးလျှင် 'မဖြစ်နိုင်ပါ'ဟု ဖြေဆိုရမည် ဖြစ်သည်။ အာနန္ဒာ... ထို့ကြောင့် ဤအယူဝါဒသည်လည်း ဤဆိုခဲ့သော သာဓကဖြင့် မသင့်ချေ။**

**ဤ၌ အဓိပ္ပါယ် ၂-မျိုးဖွင့်ဆိုချက်-**

**ပထမနည်း။** ။ဤ၌ ဝေဒနာသဘောရှိသော သညာ, သင်္ခါရ, ဝိညာဏ်ဟူသော နာမ်ခန္ဓာ သုံးပါးကို "အတ္တ"ဟု ယူဆခြင်းဖြစ်၏။ သူက အတ္တကို ဝေဒနာဓမ္မ-ဝေဒနာကဲ့သို့ ခံစားခြင်းသဘော ရှိ၏ဟု ဆိုထားခြင်း ဖြစ်၏။

ဤသို့ ဆိုချေသော် ဝေဒနာချုပ်သွားသောအခါ ဝေဒနာသဘောရှိသော (ဝေဒနာကဲ့သို့ ဖြစ်ပြီးလျှင် ချုပ်ခြင်းသဘောရှိသော) ကျန်ခန္ဓာသုံးပါးလည်း ချုပ်ကုန်၏။ ထိုဝေဒနာသဘောရှိသော ခန္ဓာသုံးပါးတို့တွင် အဘယ်တရားကို "အတ္တ"ဟု ပြောထိုက်သနည်း-ဟု မေးရမည်။ အတ္တဆိုသော တရားသည် မြဲ၏။ ယခုမူကား ဝေဒနာ သဘောရှိသော ခန္ဓာသုံးပါးတို့တွင် အဘယ်ကို အတ္တဟု ပြောမည်နည်း? အတ္တ-ဟု ပြောထိုက်ပါ၏လော? ဤသို့ မေးရမည်။

**ဒုတိယနည်း။** ။ဝေဒနာချုပ်သည်နှင့် တပြိုင်နက် ကျန်သော သညာ,သင်္ခါရ,ဝိညာဏ်တို့လည်း ချုပ်ကုန်၏။ ဤသို့သဘောရှိသော ခန္ဓာတို့တွင် မည်သည့်ခန္ဓာကို "ဤတရားကား ငါ၏အတ္တတည်း"ဟု စွဲလမ်းမှု ဖြစ်နိုင်ပါဦးမည်လော?ဟု မေးစစ်ရမည်။

(**ထပ်ဆင့်ရှင်းချက်။** ။နာမ်ခန္ဓာလေးပါးကို မှီ၍ "ငါ"ဟု ထင်မှားမှုဖြစ်၏။ ဥပမာ- "ငါစားသည်၊ ငါသွားသည်၊ ငါလုပ်သည်" စသည်တည်း။ ထိုထင်မှားမှုသည် အနိစ္စစသော သဘောရှိသော တရားများ၌ ထင်မှားခြင်းပေတည်း။ ထို့ကြောင့် ဝေဒနာချုပ်လျှင် ၎င်းနှင့်ပြိုင်တူ ချုပ်ကြသော ကျန်ခန္ဓာသုံးပါး၌ အဘယ်မှာ "ငါ"ဟု ထင်မှားမှု(အဟံ ကာရ)ဖြစ်သင့်ပါတော့အံ့နည်း။ ဥပမာအားဖြင့်- လောက၌ ထင်ရှားမရှိသော ယုန်ချိုကို "ယုန်ချိုက ချွန်လိုက်တာ"ဟု မပြောနိုင်သကဲ့ပင်တည်း။ ဤဝါရဖြင့် သညာ,သင်္ခါရ,ဝိညာဏ်ကို အတ္တဟု စွဲသော သက္ကာယဒိဋ္ဌိကို ပယ်၏။)

**ထို့ကြောင့် အထက်ပါ အယူဝါဒသည်လည်း သဘာဝယုတ္တိ မရှိသောကြောင့် ပညာရှိတို့ လက်မခံကြပေ။**

*************************

**ဝဋ္ဋကထာ- ဝဋ်နှင့်စပ်သော တရား**

မြတ်စွာဘုရားသည် ဤမျှသော စကားအစဉ်ဖြင့် ဝဋ်နှင့်စပ်သော တရားတော်ကို ဟောတော်မူခဲ့၏။ ဝဋ္ဋကထာကို ဟောတော်မူရာ၌ တခါတရံ အဝိဇ္ဇာကို ခေါင်းတပ်၍ ဟော၏။ တခါတရံ တဏှာကို ခေါင်းတပ်၍ ဟော၏။ တခါတရံ ဒိဋ္ဌိကို ခေါင်းတပ်၍ ဟော၏။

အောက်၌ ပဋိစ္စသမုပ္ပါဒ်တရားဖြင့် ဝဋ်လည်ကြောင်း တရားကို ဟောပြီးဖြစ်သော်လည်း **ဤ မဟာနိဒါနသုတ်၌** သတ္တဝါတို့သည် မိစ္ဆာဒိဋ္ဌိအယူကြောင့်လည်း ဝဋ်သံသရာမှ ခေါင်းမထောင်နိုင်ကြပဲ လည်ပတ်နေရပုံကို သိစေလို၍ (ဝါ) ဒိဋ္ဌိ၏ ကြီးလေးသော အပြစ်ရှိပုံကို သိစေလို၍ **ဒိဋ္ဌိကို ခေါင်းတပ်၍ ထပ်ဟောထားခြင်း ဖြစ်သည်။** ဣဓာပိ ဒိဋ္ဌိသီသေနေဝ ကထိတာ။ (ဋ၊ ၉၇။)

**ဖြစ်ရာကာလ အစ ရှာမရ**

၁။ အဝိဇ္ဇာအစ - အာသဝ

၂။ ဘဝတဏှာအစ - ဝေဒနာက

၃။ ဘဝဒိဋ္ဌိအစ - တဏှာက

အဝိဇ္ဇာဖြစ်ခြင်းအစ မထင်ရှားသော်လည်း အဝိဇ္ဇာသည် အာသဝေါဟူသော အကြောင်းကြောင့် ဖြစ်ရ၏။ တဏှာဖြစ်ခြင်းအစ မထင်ရှားသော်လည်း ဝေဒနာဟူသော အကြောင်းကြောင့် ဖြစ်ရ၏။ ဘဝဒိဋ္ဌိ ဖြစ်ခြင်း၏အစ မထင်ရှားသော်လည်း တဏှာဟူသော အကြောင်းကြောင့် ဖြစ်ရ၏။

မှန်၏။ အယူမှားသူတို့သည် ခံစားမှု ဝေဒနာကိုပင် တဏှာ, မာန, ဒိဋ္ဌိတို့ဖြင့် မှားယွင်းစွာ သုံးသပ်စွဲလမ်းမိကြပြီး သံသရာ့ပင်လယ်ကြီးထဲ၌ ခေါင်းဖေါ်ခွင့်မရအောင် ကျင်လည်ကြရ၏။

************

# ဝဋ်မှ လွတ်မြောက်ပြီးသူ

**အနုသန္ဓေ။** ။ ဤသို့လျှင် မြတ်စွာဘုရားစသည် ပဋိစ္စသမုပ္ပါဒ်၌ တွေဝေသော မိစ္ဆာအယူရှိသူအား ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် ဝဋ်တရားကို ဟောပြပြီး၍ ယခုအခါ ဝဋ်မှထွက်မြောက်ပုံကို ဟောပြတော်မူလို၍ အောက်ပါစကားကို ဆက်၍ မိန့်တော်မူ၏။

(ပါ-၁၂၆။) **အာနန္ဒာ... အကြင်ရဟန်းသည် "ခံစားခြင်း ဝေဒနာသည်ပင် အတ္တ"ဟူ၍လည်း မရှု။ "အတ္တသည် မခံစားတတ်" ဟူ၍လည်း မရှု။ "ငါ၏ အတ္တသည် ခံစားတတ်၏၊ ခံစားခြင်းသဘော ရှိ၏" ဟူ၍လည်း မရှု။**

**ယင်းသို့ မရှုသောရဟန်းသည် လောက၌ တစ်စုံတစ်ခုကိုမျှ မစွဲလမ်း။ မစွဲလမ်းသောကြောင့် မတောင့်တ။ မတောင့်တသောကြောင့် ကိုယ်တိုင်ပင်လျှင် ကိလေသာတို့မှ အပြီးတိုင်ငြိမ်းလတ့ံ။ 'ပဋိသန္ဓေနေမှု ကုန်ပြီ။ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ။ မဂ်ကိစ္စ ဟူသမျှကို ပြုပြီးပြီ။ ဤမဂ်ကိစ္စ အလို့ငှာ နောက်ထပ် ပြုဖွယ်ကိစ္စ မရှိတော့ပြီ"ဟူ၍ သိမြင်၏။**

**အတ္တဟု မရှုသောသူ....**

တည်ငြိမ်သော သမာဓိဖြင့် သတိပဋ္ဌာန်တရားကို ကြိုးကြိုးစားစား ပွားများအားထုတ်နေသောသူသည် ရုပ်တရားတို့၌၎င်း, ဝေဒနာတို့၌၎င်း အနိစ္စ, ဒုက္ခ, အနတ္တဟူ၍ ပိုင်းပိုင်းခြားခြား သိမြင်ပြီး ဖြစ်၏။ ထို့ကြောင့် မည်သည့်ခန္ဓာ၌မျှ "အတ္တ"ဟူ၍၎င်း၊ အတ္တက ပိုင်ဆိုင်သောဥစ္စာ "အတ္တနိယ"ဟူ၍၎င်း တဏှာ, မာန, ဒိဋ္ဌိတို့ဖြင့် မစွဲယူတော့ပေ။ ထိုသို့ မစွဲလမ်းသောကြောင့် မိမိကိုယ်တိုင်ပင်လျှင် ကိလေသာမှ ငြိမ်းအေးပြီးသူ ဖြစ်၏။ သူ၏စိတ်သည်လည်း ကိလေသာမှ လွတ်မြောက်ပြီးသူ ဖြစ်၏။ မိမိကိုယ်တိုင်လည်း လွတ်မြောက်ပြီးမှန်း ပိုင်းခြားသိ၏။

(ပါ-၁၂၆။) **အဘယ့်ကြောင့်ဆိုသော် အမည်ပညတ်နှင့် ၎င်းတို့ကို ခေါ်ဆိုကြောင်းဖြစ်သော ခန္ဓာငါးပါးတို့ ရှိနေသမျှ, ဝဋ်သုံးပါးရှိနေသမျှ သံသရာ၌ လည်ပတ်ရ၏။ ထိုအလုံးစုံကိုသိသော ရဟန်းသည် ကိလေသာမှ လွတ်မြောက်ပေ၏။**

**ထိုအလုံးစုံကိုသိ၍ ကိလေသာမှ လွတ်မြောက်ပြီးသော ရဟန်းကို 'မသိမြင်' ဟူ၍၎င်း၊ 'ဤသို့သော အယူရှိ၏' ဟူ၍၎င်း ဆိုခြင်းငှာ မသင့်တော့ပေ။"**

**အဓိပ္ပါယ်။** ။ထိုကဲ့သို့ ကိလေသာမှ လွတ်မြောက်ပြီးသော ရဟန္တာအား "သတ္တဝါသည် သေပြီးနောက်၌ ဖြစ်၏ဟူသော အယူရှိသူ" စသည်ဖြင့် ပြောဆိုခြင်းငှာ မထိုက်တော့ပေ။ ယောကျ်ား, မိန်းမ,ပုဂ္ဂိုလ်,သတ္တဝါ စသော အမည်ပညတ်များ ရှိကြသော်လည်း ထိုဝေါဟာရတို့၏ ဖြစ်ရာဌာနကား ဤခန္ဓာ, အာယတန, ဓာတ်တို့သာတည်းဟု ပိုင်းခြားသိပြီးသူ ဖြစ်၏။ ထိုကဲ့သို့ ပိုင်းခြားသိပြီးသူ ဖြစ်သောကြောင့် ရဟန္တာအား "မသိမြင်"ဟူ၍လည်း မဆိုသင့်တော့ပေ။

**အဓိဝစနနှင့် အဓိဝစနပထ ဟူသည်-**

ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမ, လူ, နတ်, ဗြဟ္မာ စသော သဒ္ဒါ, စကားလုံး, အခေါ်အဝေါ်, နာမည်သည် **အဓိဝစန**၊ ထိုသို့ ခေါ်အပ်သော (ဝါ) ခေါ်ဝေါ်ခြင်း၏ အကြောင်းဖြစ်သော ပုဂ္ဂိုလ်,သတ္တဝါဟု သမုတ်အပ်သော ခန္ဓာငါးပါးဟူသော အနက်ဒြဗ်သည် **အဓိဝစနပထ**။

*****************

# ဝိညာဏ်၏တည်ရာ ၇-ပါး

(ပါ-၁၂၇) **အာနန္ဒာ... ဝိညာဏ်၏ တည်ရာတို့သည် ခုနစ်ပါး ရှိကုန်၏။ နေရာ 'အာယတန' တို့သည် နှစ်ပါး ရှိကုန်၏။**

**အနုသန္ဓေ။** ။ ယခုအခါ အကြင်ပုဂ္ဂိုလ်ကို 'န ပညပေတိ'ဟု ဟောတော်မူအပ်၏။ ထိုပုဂ္ဂိုလ်သည် ဝိပဿနာမဂ်တို့ဖြင့် တက်၍တက်၍ သွားလတ်သော **ဥဘတောဘာဂ ဝိမုတ္တ** မည်၏။ အကြင်ပုဂ္ဂိုလ်ကို လည်း 'န သမနုပဿတိ'ဟု ဟောတော်မူ၏။ ထိုပုဂ္ဂိုလ်သည် ဝိပဿနာမဂ်တို့ဖြင့် တက်၍တက်၍ သွားလတ်သော် ပညာဝိမုတ္တ မည်၏။ ထို့ကြောင့် အောက်၌ ဟောတော်မူအပ်ပြီးသော ထိုရဟန်းနှစ်ပါးတို့၏ ထွက်မြောက်ပုံကို၎င်း၊ နာမည်ကို၎င်း ပြတော်မူခြင်းငှာ ဤဝိညာဏ်၏တည်ရာ ၇-ပါးကို ဆက်၍ ဟောတော်မူ၏။

**ဝိညာဏဋ္ဌိတိ** ဟူသည်=

ပဋိသန္ဓေဝိညာဏ်၏ တည်ရာအကြောင်းဖြစ်သော ခန္ဓာကို ခေါ်၏။ (ပဋိသန္ဓေဝိညာဏ်၏ တည်ကြောင်းဟူသည် ခန္ဓာငါးပါးရှိသော ပဉ္စဝေါကာရဘုံ၌ ဝိညာဏက္ခန္ဓာမှ တပါးသော ရုပ်, ဝေဒနာ,

သညာ, သင်္ခါရဟူသော ခန္ဓာ(၄)ပါး၊ ခန္ဓာလေးပါးရှိသော စတုဝေါကာရဘုံ၌ ဝေဒနာ,သညာ,သင်္ခါရ ဟူသော ခန္ဓာ(၃)ပါးတို့ ဖြစ်သည်။

## ဝိညာဏ်၏ တည်ရာ ခုနစ်ပါးကား-

**၁။ နာနတ္တကာယာ နာနတ္တသညီ= ကိုယ်သဏ္ဌာန်ကွဲပြား၍ ပဋိသန္ဓေသညာချင်းလည်း ကွဲပြားသော သတ္တဝါများ-**

(က) **လူ။** ။ လူတို့သည် မတူညီသော ကိုယ်ခန္ဓာ, အသားအရောင်, ပုံသဏ္ဌာန် ရှိကြကုန်၏။ ရုပ်တူညီသော အမွှာများ၌ပင် သွားပုံ, လာပုံ, ပြုံးပုံ, ရယ်ပုံ, စသည် မတူညီသော အချက်များ ရှိသေး၏။ ပဋိသန္ဓေအားဖြင့်လည်း တိဟိတ်ပဋိသန္ဓေ, ဒွိဟိတ်ပဋိသန္ဓေ, အဟိတ်ပဋိသန္ဓေ ဟူ၍ ကွဲပြားသော စိတ် ရှိကုန်၏။

(ခ) **အချို့သောနတ်။** ။နတ်တို့သည်လည်း အရောင်အသွေး မတူညီကြပေ။ ပဋိသန္ဓေအားဖြင့် လည်း တိဟိတ်, ဒွိဟိတ် ကွဲပြားကုန်၏။

(ဂ) **အချို့သော ဝိနိပါတိက အသုရာ။** ။ဤ၌ ဝိနိပါတိက အသုရာဟု ဆိုသော်လည်း အပါယ် လေးပါး၌ ပါဝင်သော အသုရာမျိုး မဟုတ်။ နတ်မျိုး၌ပါဝင်သော (ဝါ) နတ်အငယ်စားဖြစ်သော ယက္ခနတ် မျိုးတည်း။ သို့သော် တန်ခိုးမကြီးကြသဖြင့် ဆင်းရဲကြ၏။ ဥပမာ- ဥတ္တရာ၏ မိခင် နတ်ဘီလူးမ၊ ပိယင်္ကရ ၏မိခင် နတ်ဘီလူးမ၊ ဖုဿမိတ္တာ ဘီလူးမ၊ ဓမ္မဂုတ္တာ ဘီလူးမ... စသည်တို့ ဖြစ်၏။

(ဃ) **ဝေမာနိကာ ပြိတ္တာများ။** ။၎င်းတို့သည် ဘုံဗိမာန်ဖြင့် နေကြ၍ ဝေမာနိကပြိတ္တာဟု ခေါ်၏။ သူတို့၏ အသားရောင်သည် တချို့ရွှေရောင်၊ တချို့အဖြူ၊ တချို့အညို၊ တချို့ အမဲဟု အရောင် ကွဲ၏။ ခန္ဓာကိုယ်လည်း အတို,အရှည်၊ အပိန်,အဝ ကွဲပြားကြ၏။ ပဋိသန္ဓေစိတ်လည်း လူတို့ကဲ့သို့ တိဟိတ်, ဒွိဟိတ်, သုဂတိအဟိတ် ဟူ၍ ကွဲပြားကြ၏။

**၂။ နာနတ္တကာယ ဧကတ္တသညီ= ကိုယ်သဏ္ဌာန်ကွဲပြား၍ ပဋိသန္ဓေသညာချင်းတူသော သတ္တဝါများ-**

(က) **ပထမစျာန်ဘုံ၌ဖြစ်သော ဗြဟ္မာများ (ဗြဟ္မပါရိသဇ္ဇာ, ဗြဟ္မပုရောဟိတာ, မဟာဗြဟ္မာ)** ထိုဗြဟ္မာများသည် မိမိတို့ရသော ပထမစျာန်၏ အစွမ်းအာနုဘော် အနိမ့်အမြင့် ကွဲပြားသဖြင့် သူတို့၏ ခန္ဓာကိုယ် ကြီးမားပုံနှင့် သက်တမ်းတို့ ကွဲပြားကုန်၏။ သို့သော် **ပဋိသန္ဓေစိတ်ကား ပထမစျာန်**ချင်း၏။ ထို့ကြောင့် နာနတ္တကာယ, ဧကတ္တသညီ ဟု ဆို၏။

(ခ) **အပါယ်လေးဘုံ၌ ဖြစ်သော သတ္တဝါများ။** အပါယ်လေးဘုံ၌ ဖြစ်သော သတ္တဝါတို့သည် လည်း ခန္ဓာကိုယ် အရွယ်အစား ကွဲပြားကုန်၏။ အသားအရောင်, ပုံသဏ္ဌာန်, သက်တမ်းတို့လည်း ကွဲပြားကြကုန်၏။ သို့သော် ပဋိသန္ဓေသညာမှာကား **အဟိတ် အကုသလဝိပါက်စိတ်**သာ ဖြစ်၍ တူကြ၏။ ထို့ကြောင့် နာနတ္တကာယ, ဧကတ္တသညီ သတ္တဝါဟု ဆိုရ၏။

## ၃။ ကေတ္တကာယ နာနတ္တသညီ- ကိုယ်သဏ္ဍာန်ချင်း တူ၍ ပဋိသန္ဓေသညာချင်း ကွဲပြားသော သတ္တဝါများ-

ဒုတိယစျာန်ဘုံ၌ ဖြစ်သော ဗြဟ္မာများ (ပရိတ္တာဘာ၊ အပ္ပမာဏာဘာ၊ **အာဘဿရာ**)တို့ ဖြစ်သည်။ ထိုဗြဟ္မာအားလုံးသည် ခန္ဓာကိုယ်သည် တူသော ပမာဏအားဖြင့် ကျယ်ပြန့်ကြီးမားလျက် သဘာဝအားဖြင့် မွန်မြတ်၏။

သို့သော် ပဋိသန္ဓေသညာကား အချို့မှာ အဝိတက္က ဝိစာရမတ္တခေါ် ဒုတိယစျာန်ဝိပါက်ငင်း၊ တချို့မှာ အဝိတက္က အဝိစာရ ခေါ် တတိယစျာန် ဝိပါက်ငင်း ဖြစ်သည်။

(ဒုတိယစျာန်ဝိပါက်နှင့် တတိယစျာန် ဝိပါက်သည် ဒုတိယစျာန်ဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိ အဖြစ်ဖြင့် ဖြစ်သည်ကို သတိပြုပါ။)

**မှတ်ချက်။** ။ပါဠိတော် ဟောသောအခါ၌ အမြတ်ဆုံး, အထက်တန်းအရောက်ဆုံးဖြစ်သော အာဘဿရာ ဗြဟ္မာကိုသာ ဟောထား၏။ ဤသို့ဟောလိုက်သဖြင့် အောက်ဖြစ်သော ပရိတ္တာဘာ, အပ္ပမာဏာဘာ ဗြဟ္မာတို့ကိုလည်း သိမ်းယူပြီးသား ဖြစ်၏ဟု မှတ်အပ်၏။

## ၄။ ကေတ္တကာယ ကေတ္တသညီ- ကိုယ်သဏ္ဍာန်ချင်းလည်း တူ, ပဋိသန္ဓေ သညာချင်းလည်းတူသော သတ္တဝါများ-

တတိယစျာန်ဘုံ၌ဖြစ်သော ဗြဟ္မာများ (ပရိတ္တသုဘာ၊ အပ္ပမာဏသုဘာ၊ သုဘကိဏှာ) ဗြဟ္မာများ ဖြစ်ကြသည်။ ထိုဗြဟ္မာအားလုံးသည် ခန္ဓာကိုယ်အားဖြင့်လည်း တူညီကြ၏။ သက်တမ်းချင်း လည်း တူညီကြ၏။ စတုတ္ထစျာန်ဟူသော ပဋိသန္ဓေသညာချင်းလည်း တူညီကြသည်။

ဝေဟပ္ဖိုလ်ဗြဟ္မာတို့သည်လည်း ဤစတုတ္ထစျာန် ပဋိသန္ဓေရှိသောကြောင့် ဤကေတ္တကာယ- ကေတ္တသညီ သတ္တဝါမျိုး၌ ပါဝင်၏။ သို့သော် အသညသတ်ဗြဟ္မာတို့သည်ကား သညာမရှိသောကြောင့် ဤဝိညာဏဋ္ဌိတိ၌ မဟောပေ။ နေရာ-အာယတနတို့၌သာ ဟော၏။

## သုဒ္ဓါဝါသဗြဟ္မာများ ဤစတုတ္ထ ဝိညာဏဋ္ဌိတိ၌ ပါ-မပါ ဝါဒ ၂-မျိုး

သုဒ္ဓါဝါသဗြဟ္မာများသည် ဝဋ်မှလွတ်မြောက်ကြောင်း အဖို့၌ တည်ကုန်၏။ အခါခပ်သိမ်း မရှိကုန်။ ဘုရားပွင့်ရာ အခါ၌သာ ရှိပြီး, ဘုရားမပွင့်သောအခါ၌ ဗြဟ္မာတို့မှ ဆိတ်သုဉ်းနေ၏။ ကမ္ဘာကပ် တစ်သောင်း,ခြောက်ထောင် သက်တမ်းပြည့်သောအခါ၌ ပရိနိဗ္ဗာန်စံကုန်၏။ အခြားဘုံမှ ရောက်လာခြင်း လည်း မရှိပေ။ ထို့ကြောင့် ဤဝိညာဏဋ္ဌိတိ၌ မသွင်းကုန်။

သို့သော် မဟာသီဝမထေရ်၏ အလိုအားဖြင့် သုဒ္ဓါဝါသဗြဟ္မာများကို ဤစတုတ္ထဝိညာဏဋ္ဌိတိ၌ သွင်းယူကုန်၏။ ဤမထေရ်၏ အဆိုသည် “န ခေါ ပန သာရိပုတ္တ သတ္တာဝါသော သုလဘရူပေါ” စသော ပါဠိတော်နှင့် မဆန့်ကျင်သဖြင့် ဆရာတို့က လက်ခံကြ၏။

**၅။ အာကာသာနဉ္စာ-ယတနဘုံသို့ ရောက်နေသော ဗြဟ္မာများ-**

ဤသူသည် ရူပဈာန်၌ ဖြစ်သောသညာ ကသိုဏ်းရုပ်အာရုံတို့ကို လွန်မြောက်ခြင်းကြောင့် ၎င်း၊ ပဋိဃဝတ္ထုနှင့် ပဋိဃာရုံ တို့၏ တိုက်ဆိုင်မှုကြောင့် ဖြစ်သော ဒွေပဉ္စဝိညာဏ် သညာတို့၏ ချုပ်ခြင်းကြောင့် ၎င်း၊ အမျိုးမျိုးသော ကာမသညာတို့ကို နှလုံးမသွင်းခြင်းကြောင့်၎င်း၊ 'ကောင်းကင်ပညတ်သည် ဥပါဒ်, ဌီ, ဘင်အားဖြင့် အဆုံးမရှိ'ဟု နှလုံးသွင်းလျက် "အာကာသာနဉ္စာယတနဘုံ"သို့ ရောက်သွားသော သတ္တဝါ ပင်တည်း။

**၆။ ဝိညာဏဉ္စာ-ယတနဘုံသို့ ရောက်နေသော ဗြဟ္မာများ၊**

အာကာသာနဉ္စာ-ယတနဈာန်, ထိုဈာန်၏အာရုံဖြစ်သော ကောင်းကင်ပညတ်ကို လွန်မြောက်၍ "ပဌမာရုပ္ပ ဝိညာဏ်သည် ဥပါဒ်,ဌီ,ဘင်ဟူသော အပိုင်းအခြားမရှိသော ကောင်းကင်ပညတ်ကို အာရုံပြုသောကြောင့် အပိုင်းအခြား မရှိ"ဟု ပွားများလျက် ဤသူသည် ဝိညာဏဉ္စာ-ယတနဘုံသို့ ရောက်သွားသော သတ္တဝါပေတည်း။

**၇။ အာကိဉ္စညာ-ယတနဘုံသို့ ရောက်နေသော ဗြဟ္မာများ၊**

ဤသူကား ဝိညာဏဉ္စာ-ယတနဈာန်, ထိုဈာန်၏ အာရုံဖြစ်သော ပဌမာရုပ္ပဝိညာဏ်ကို လွန်မြောက်၍ "ပဌမာရုပ္ပ ဝိညာဏ်သည် စိုးစဉ်းဘင်မျှပင် အကြွင်းမရှိတော့"ဟု ပွားများလျက် အာကိဉ္စညာ-ယတနဘုံသို့ ရောက်သွားသော သတ္တဝါတည်း။

## နေရာဌာနဟူသော 'အာယတန' နှစ်ပါးကား-

**၈။ သညာမရှိသော သတ္တဝါတို့၏ နေရာနှင့်၊ (အသညသတ် ဗြဟ္မာဘုံ)**

**၉။ ထင်ရှားသော သညာမရှိမူ၍ သိမ်မွေ့သောသညာမှုလည်း မကင်းသေးသော သတ္တဝါ (နေဝသညာနာသညာယတန ဗြဟ္မာဘုံ)တို့၏ နေရာများ ဖြစ်သည်။**

ဤသို့ သညာမရှိသော အသညသတ်ဗြဟ္မာနှင့်၊ ထင်ရှားသောသညာမရှိ, သိမ်မွေ့သော သညာမျှသာရှိသော နေဝသညာ သတ္တဝါတို့အား အထူးသိခြင်းကိစ္စရှိကုန်သော ဝိညာဏဋ္ဌိတိ ၇-ပါးတို့၌ မထည့်ပဲ နေရာ-ဟူသော 'အာယတန'တို့၌ ဟောထားခြင်းဖြစ်၏။

မှတ်ချက်။ ။ဤဆိုခဲ့ပြီးသော သတ္တဝါတို့၏ တည်နေရာ ဘုံကိုးပါးကိုပင် "**သတ္တာဝါသ ဘုံကိုးဝ**"ဟု ဆိုသည်။

(ပါ-၁၂၈)။ **"အာနန္ဒာ... အကြင်သူသည် ဝိညာဏ်၏တည်ရာ ခုနစ်ပါးနှင့် နေရာ'အာယတန' နှစ်ပါးတို့ကို လည်း သိ၏။ ယင်းတို့၏ ဖြစ်ကြောင်း, ချုပ်ကြောင်းများကိုလည်း သိ၏။ သာယာဖွယ်, ငြီးငွေ့ဖွယ်နှင့် ထွက်မြောက်ရာ တို့ကိုလည်း သိ၏။ ထိုသူသည် ထိုဝိညာဏ်၏ တည်ရာခုနစ်ပါး၊ နေရာနှစ်ပါးတို့၌ နှစ်သက်ခြင်းငှာ သင့်ပါမည်လော?"**

**"မသင့်ပါ ဘုရား"**

**အဓိပ္ပါယ်ရှင်းချက်-**

**အထက်ပါ ဝိညာဏ်၏တည်ရာ ၇-ပါးနှင့် နေရာ'အာယတန' နှစ်ပါးတို့၏--**

**ဖြစ်ကြောင်း'သမုဒယ'ကို သိ၏** ဟူသည်- "အဝိဇ္ဇာသမုဒယာ ရူပသမုဒယော=အဝိဇ္ဇာဖြစ်ခြင်းကြောင့် ရုပ်ဖြစ်၏" စသောနည်းဖြင့် ဖြစ်ကြောင်း'သမုဒယ'ကို သိခြင်းပေတည်း။

**ချုပ်ကြောင်း'အတ္ထင်္ဂမ'ကို သိ၏** ဟူသည်- "အဝိဇ္ဇာနိရောဓာ ရူပနိရောဓော = အဝိဇ္ဇာချုပ်ခြင်းကြောင့် ရုပ်ချုပ်၏"စသောနည်းဖြင့် ချုပ်ကြောင်း 'အတ္ထင်္ဂမ'ကို သိခြင်းပေတည်း။

**သာယာဖွယ်'အဿာဒ'ကို သိ၏** ဟူသည်- ခန္ဓာငါးပါးကို အစွဲပြု၍ ကာယိကသုခသည်ငှင်း, သောမနဿ ဟူသော စေတသိကသုခသည်ငှင်း ဖြစ်၏။ ထိုသို့ သာယာအပ်သော သုခ,သောမနဿ ကိုငှင်း၊ သာယာတတ်သော တဏှာကိုငှင်း သိခြင်းပေတည်း။ (အဋ္ဌကထာ၌ "တဏှာ" မပါ။)

**အပြစ်'အာဒီနဝ'ကို သိ၏** ဟူသည်- ခန္ဓာငါးပါးတို့၏ မမြဲသည်၏ အဖြစ်, ဆင်းရဲသည်၏ အဖြစ်, ဇရာ-မရဏကြောင့် ဖေါက်ပြန်သည်၏ အဖြစ်ဟူသော အနိစ္စသဘော, ဒုက္ခသဘော, ဝိပရိဏာမသဘော သည် ခန္ဓာငါးပါးတို့၏ အပြစ် 'အာဒီနဝ'ပေတည်း။

**ထွက်မြောက်ကြောင်း'နိဿရဏ'ကို သိ၏** ဟူသည်- ခန္ဓာငါးပါး၌ တပ်မက်စွဲလမ်းမှု ဆန္ဒရာဂမှ ထွက်မြောက်ရာ, ထွက်မြောက်ကြောင်း အရိယာမဂ်နှင့် နိဗ္ဗာန်တရားသည် ထွက်မြောက်ကြောင်း ပေတည်း။

ထိုကဲ့သို့ သိပြီးသောရဟန်းသည် ထိုဝိညာဏဋ္ဌိတိတို့၌ တဏှာ,မာန,ဒိဋ္ဌိတို့ဖြင့် "ငါ"ဟူ၍ငှင်း၊ "ငါ့ဥစ္စာ"ဟူ၍ငှင်း နှစ်သက်စွဲလမ်းခြင်းသဘော မရှိတော့ပေ။

မှတ်ချက်။ ။ဤ၌ နံပတ် ၅။အာကာ, ၆။ဝိညာ, ၇။အာကိဥ, ၉။နေဝသညာ ဤလေးပါးတို့၌ ရုပ်မရှိ။ နံပတ် ၈။အသညသတ်၌ ဝိညာဏ်မရှိ။

**ပညာဝိမုတ္တ ရဟန္တာဟူသည်-**

ဈာန်လုံးဝမရသော သုက္ခဝိပဿက ရဟန္တာသည်ငှင်း၊ ရူပဈာန်လေးပါးကိုသာ ရ၍ ထိုလေးပါး တို့တွင် တပါးပါးကို အခြေခံကာ ဝိပဿနာပွားပြီးနောက် အရဟတ္တဖိုလ်သို့ရောက်သော ပုဂ္ဂိုလ်သည် ငှင်း ပညာဝိမုတ္တ မည်၏။

(ဝိမောက္ခရှစ်ပါးကို မရသည့်အတွက် လွန်ကဲသော သတ္တိရှိသော သမာဓိမဖက်, ပညာသက်သက် ဖြင့်သာ ကိလေသာမှ လွတ်သူ-ဟု ဆိုလိုသည်။)

**ပညာဝိမုတ္တ ရဟန္တာ ငါးမျိုး-**

ထိုပညာဝိမုတ္တရဟန္တာသည် ဈာန်တရားများ မရရှိပဲ ဝိပဿနာသက်သက် ရှုပြီး ရဟန္တာဖြစ်သော ပုဂ္ဂိုလ်မျိုးနှင့်၊ ဈာန်လေးပါးတို့တွင် တပါးပါးသော ဈာန်၌တည်၍ ဝိပဿနာရှုပြီး ရဟန္တာဖြစ်သော ပုဂ္ဂိုလ်လေးဦး၊ ဤသို့အားဖြင့် ပညာဝိမုတ္တရဟန္တာ ငါးမျိုးရှိ၏။

******************

# လွတ်မြောက်မှု ‘ဝိမောက္ခ’ ရှစ်ပါး

**အနုသန္ဓေ။** ။ပညာဝိမုတ္တရဟန်း၏ ဝဋ်မှထွက်ကြောင်းဖြစ်သော မဂ်, ဝဋ်မှထွက်ရာဖြစ်သော နိဗ္ဗာန် ကိုင်း၊ “ပညာဝိမုတ္တ”ဟူသော အမည်ကိုင်း ပြဆိုပြီး၍ ယခုအခါ အရူပသမာပတ်နှင့် အရဟတ္တမဂ် ဟူသော နှစ်ပါးသော အဖို့တို့ဖြင့် ရူပကာယ, နာမကာယဟူသော နှစ်ပါးသော အဖို့တို့မှ လွတ်မြောက် သော “ဥဘတောဘာဂ ဝိမုတ္တရဟန်း”ကို ပြဆိုဖို့ရန် ဆက်၍ ဟောတော်မူ၏။

## ဝိမောက္ခ-ဟူသည်

ဆန့်ကျင်ဘက်တရားတို့မှ ကောင်းစွာ လွတ်မြောက်သောတရား (ဝါ) အာရုံ၌ကောင်းစွာ စွဲစွဲမြဲမြဲ သက်ဝင်သောတရားကို ဝိမောက္ခ(အဓိမုစ္စန)ဟု ခေါ်သည်။

ဥပမာ- ဖခင်၏ ရင်ခွင်၌ ခြေကားယား လက်ကားယားဖြင့် ကြောင့်ကြကင်းစွာ အိပ်နေသော ကလေးသူငယ်ကဲ့သို့ ဆန့်ကျင်ဘက် နီဝရဏတရားတို့သည် မနှိပ်စက်အပ်သောကြောင့် စိုးရိမ် ကြောင့်ကြမရှိပဲ အာရုံ၌ သက်ဝင်တည်နေခြင်းကို ဆိုလိုသည်။

## အာရုံ၌သက်ဝင်ခြင်း အဓိမုစ္စန-ဟူသည်

ရူပဈာန်တို့မည်သည် ဆန့်ကျင်ဘက် နီဝရဏတို့ကို ပယ်ခွါပြီး ထိုနီဝရဏတို့မှ လွတ်မြောက်မှု အားဖြင့်ကား တူညီကြ၏။ ဤသို့ ရူပဈာန်ချင်းတူသော်လည်း ရိုးရိုးရူပဈာန်ထက် ဤရူပဈာန်သည်ကား လွန်ကဲသော သတ္တိနှင့်တကွ နီဝရဏတို့မှ လွတ်မြောက်ကြောင်း ထက်မြက်သောဘာဝနာထူးကို အားထုတ်၍ ရခြင်းဖြစ်၏။

ထိုသို့ ဆန့်ကျင်ဘက်နီဝရဏတို့မှ ကောင်းစွာလွတ်မြောက်သည်၏ အဖြစ်ကြောင့်ပင်လျှင် အ ချုပ်ချယ် မခံအပ်သည့်အတွက် ယုံမှားသံသယ မရှိဘဲ ကသိုဏ်းအာရုံ၌ ကောင်းစွာ သက်ဝင်နိုင်ခြင်း ဖြစ်၏။ ဤကဲ့သို့ အနှောင့်အယှက် နီဝရဏတို့ရန်မှ စိုးရိမ်ကြောင့်ကြ မရှိပဲ လွတ်လပ်စွာ ကသိုဏ်း အာရုံသို့ သက်ဝင်တည်နေခြင်း အနက်သဘောကိုပင် “အဓိမုစ္စန”ဟု ခေါ်၏။

## သဒ္ဓါဓိမုတ္တပုဂ္ဂိုလ်နှင့် ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်တို့ ဥပမာ-

အထက်ပါ ရူပဈာန်ချင်း တူသော်လည်း ထက်မြက်မှုမတူပုံကို လောကုတ္တရာမဂ်သို့ ရောက်သော သဒ္ဓါဓိမုတ္တပုဂ္ဂိုလ်နှင့် ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ် ၂-ဦးနှင့် ဥပမာပေးထား၏။

သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်မှ စ၍ အရဟတ္တမဂ်ပုဂ္ဂိုလ်တိုင်အောင် နာမည်၂-မျိုးဖြင့် ခွဲခြား သတ်မှတ်ထား၏။ ထိုနှစ်ဦးလုံးပင် အရိယာများဖြစ်၍ မိမိတို့ဆိုင်ရာ ကိလေသာများကို ပယ်သတ်နိုင် သည်ချည်း ဖြစ်သော်လည်း လောကုတ္တရာမဂ် မတိုင်မီက ဖြစ်ခဲ့သော ဝိပဿနာမဂ် အနှံ့-အထက် ကွာ၏။

ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်၏ ကိလေသာတို့ကို ပယ်သတ်သော ဝိပဿနာဉာဏ်သည် အလွန်ထက်မြက်၏။ လွယ်ကူချမ်းသာစွာ ပယ်သတ်နိုင်သောကြောင့် သုခါပဋိပဒါ-ဖြစ်၏။ သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်၏ ဝိပဿနာ

ဉာဏ်ကား နုံ့သောကြောင့် ခက်ခဲစွာ လုံ့လစိုက်၍ ပယ်သတ်ရသောကြောင့် ဒုက္ခာပဋိပဒါဖြစ်၏။ ထို့ကြောင့် သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်ထက် ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်က သာလွန်၏။

ထိုကဲ့သို့ပင် ဝိမုတ္တပုဂ္ဂိုလ်၏ ရူပဈာန်သည်လည်း ရိုးရိုးရူပဈာန်ထက် သာလွန်ထက်မြက်သောကြောင့် နီဝရဏအနှောက်အယှက်မရှိ, လွတ်လပ်စွာ ကသိုဏ်းအာရုံသို့ သက်ဝင်တည်နေနိုင်၏။

**(ပါ-၁၂၉) ၁။ ရူပီ ရူပါနိ ပဿတိ၊ အယံ ပဌမော ဝိမောက္ခော။**
**(ရူပဈာန်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ရုပ်ကို ရှု၏။ ဤကား ပဌမ ဝိမောက္ခတည်း။)**

**ဤပဌမဝိမောက္ခပုဂ္ဂိုလ်သည်။** ၊မိမိ၏ ခန္ဓာကိုယ်မှာရှိသော ဆံပင်အစရှိသော နီလကသိုဏ်းရုပ်စသည်ကို ပရိကံပြုလျက် (ကသိုဏ်းစီးဖြန်းလျက်) ဈာန်ရပြီးနောက် အဇ္ဈတ္တကသိုဏ်းရုပ်ကိုင်၊ ဗဟိဒ္ဓကသိုဏ်းရုပ်များကိုင်း ကြည့်လျက် ဈာန်ဝင်စားနိုင်သော ရူပဈာန်လေးပါးကို ရသောသူတည်း။

**၂။ အဇ္ဈတ္တံ အရူပသညီ, ဗဟိဒ္ဓါ ရူပါနိ ပဿတိ၊ အယံ ဒုတိယော ဝိမောက္ခော။**
**(မိမိသန္တာန်၌ ရုပ်ကို မရှုမူ၍ ပြင်ပ၌ ရုပ်တို့ကိုရှု၏။ ဤကား ဒုတိယ ဝိမောက္ခ။)**

**ဤဒုတိယပုဂ္ဂိုလ်သည်။** ၊ဗဟိဒ္ဓ၌ဖြစ်သော ကသိုဏ်းရုပ်တို့ကို ပရိကံပြု၍ ဈာန်ရပြီးနောက် ဗဟိဒ္ဓကသိုဏ်းရုပ်တို့ကိုပင် ကြည့်ရှုလျက် ဈာန်ဝင်စားနိုင်သော ရူပဈာန်လေးပါးကို ရသောသူတည်း။

**၃။ သုဘန္တေဝ အဓိမုတ္တော ဟောတိ၊ အယံ တတိယော ဝိမောက္ခော။**
**'တင့်တယ်၏'ဟူ၍သာလျှင် နှလုံးသွင်း၏။ ဤကား တတိယ ဝိမောက္ခ။**

**ဤတတိယပုဂ္ဂိုလ်သည်။** ။အလွန်သန့်ရှင်းစင်ကြယ်သော နီလစသော ဝဏ္ဏကသိုဏ်းတို့ကို အာရုံပြု၍ ဈာန်ဝင်စားသူတည်း။ တနည်းကား- မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ လေးပါးတို့နှင့် ယှဉ်သောစိတ်ဖြင့် အရပ်မျက်နှာတို့၌ ပွားများနေလျှင် သတ္တဝါတို့၌ စက်ဆုပ်ဖွယ်မဟုတ်, နှစ်သက်ဖွယ်၏ အဖြစ်ဖြင့်သာ ထင်ကုန်ကုန်၊ ထိုသို့ပွားများ၍ ဈာန်ဝင်စားနေသော ပုဂ္ဂိုလ်ပါပေတည်း။

**မှတ်ချက်။** ။ထိုပုဂ္ဂိုလ်သည် ဈာန်အတွင်း၌ "တင့်တယ်၏"ဟု နှလုံးသွင်းခြင်း မရှိပါသော်လည်း ထိုတင့်တယ်စင်ကြယ်သော ကသိုဏ်းအာရုံကို အာရုံပြု၍ ရအပ်သော ဈာန်၌ စွဲစွဲမြဲမြဲ နှလုံးသွင်း၍ တည်နေသောကြောင့် ဤသို့ ဆိုခြင်းဖြစ်၏။

**၄။ ရူပသညာကို လွန်မြောက်ခြင်းကြောင့် 'ကောင်းကင်သည် အဆုံးမရှိ'ဟု နှလုံးသွင်းလျက် အာကာသာနဉ္စာယတန ဈာန်သို့ ရောက်၍နေ၏။ ဤကား စတုတ္ထ ဝိမောက္ခ။**

**၅။ အာကာသာနဉ္စာယတန ဈာန်ကို လွန်မြောက်၍ 'ဝိညာဏ်သည် အဆုံးမရှိ'ဟု နှလုံးသွင်းလျက်**

**ဝိညာဏဉ္စာယတန စျာန်သို့ ရောက်၍နေ၏။ ဤကား ပဉ္စမ ဝိမောက္ခ။**

**၆။ ဝိညာဏဉ္စာယတန စျာန်ကို လွန်မြောက်၍ 'တစ်စုံတစ်ခုမျှ မရှိ'ဟု နှလုံးသွင်းလျက် အာကိဉ္စညာ-ယတနစျာန်သို့ ရောက်၍နေ၏။ ဤကား ဆဋ္ဌမ ဝိမောက္ခ။**

**၇။ အာကိဉ္စညာယတန စျာန်ကို လွန်မြောက်၍ နေဝသညာ-နာသညာ-ယတနစျာန်သို့ ရောက်၍နေ၏။ ဤကား သတ္တမ ဝိမောက္ခ။**

**၈။ နေဝသညာ-နာသညာ-ယတနစျာန်ကို လွန်မြောက်၍ သညာ,ဝေဒနာတို့၏ ချုပ်ရာ နိရောဓသမာပတ်သို့ ရောက်၍ နေ၏။ ဤကား အဋ္ဌမ ဝိမောက္ခ။**

## ၈။ အမြတ်ဆုံးသော နိရောဓသမာပတ် ဝိမောက္ခ

ဤနောက်ဆုံးဖြစ်သော နိရောဓသမာပတ်ဟူသော ဝိမောက္ခသည် နာမ်ခန္ဓာလေးပါးတို့ အကြွင်းမဲ့ချုပ်ငြိမ်း၍ စင်ကြယ်နေသောကြောင့် အမြတ်ဆုံးသော ဝိမောက္ခမည်၏။

ထို့ပြင် အနာဂါမ်, ရဟန္တာတို့သည်သာလျှင် ဝင်စားနိုင်သောကြောင့်၎င်း၊ နိရောဓသမာပတ်၏ အဆုံး၌ အရိယာဖိုလ်ဟူသော အဆုံးရှိသောကြောင့်၎င်း (နိရောဓသမာပတ် အဆုံး၌ အနာဂါမိဖိုလ်၊ သို့မဟုတ် အရဟတ္တဖိုလ် ဖြစ်ရသည်ကို ဆိုလိုသည်)၊ နိရောဓသမာပတ်၏ အတွင်း၌ နာမ်ခန္ဓာလေးပါးနှင့် စိတ္တဇရုပ်တို့၏ ငြိမ်းအေးခြင်းသို့ ရောက်နေသည်၏ အဖြစ်ကြောင့်၎င်း အမြတ်ဆုံးသော ဝိမောက္ခဖြစ်၏။

(ပါ-၁၃၀) **"အာနန္ဒာ... အကြင်ရဟန်းသည် ဤရှစ်ပါးသော ဝိမောက္ခတို့ကို အနုလုံအားဖြင့်၎င်း၊ ပဋိလုံအား ဖြင့်၎င်း၊ အနုလုံ-ပဋိလုံအားဖြင့်၎င်း ဝင်စား၏။ အလိုရှိတိုင်း ဝင်စား၍ အလိုရှိတိုင်း ထနိုင်၏။ အာသဝတို့ ကုန်ခမ်းခြင်းကြောင့် လွတ်မြောက်သော စိတ်နှင့် လွတ်မြောက်သော ပညာကို ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ဆိုက်ရောက်နေ၏။**

## အလိုရှိတိုင်း ဝင်စားနိုင်-ဟူသည်

ကျွမ်းကျင်အောင် ပွားများအားထုတ်ထားသောကြောင့် အလိုရှိသောအရပ်၌, အလိုရှိသော ကာလ ပတ်လုံး ဝင်လည်း ဝင်စားနိုင်၏။ ထလည်း ထနိုင်၏။ (ကြိုက်သည့် နေရာ၌, ကြိုက်သလောက် ဝင်စား နိုင်-ထနိုင်၏ဟု ဆိုလိုသည်။)

## ဥဘတော ဘာဂေဟိ= အဖို့ ၂-ပါးဟူသည်-

အရူပစျာန်သမာပတ်နှင့် မဂ်ဟူသော **လွတ်မြောက်ကြောင်းအဖို့** ၂-ဖို့ကို၎င်း၊ ရူပကာယ, နာမကာယဟူသော **လွတ်မြောက်ထိုက်သောအဖို့** ၂-ဖို့၎င်း ယူရမည်။

**ဥဘတောဘာဂ ဝိမုတ္တ (၂-ပါးစုံမှ လွတ်မြောက်သော) ရဟန္တာဟူသည်-**

သမာပတ်ရှစ်ပါးဖြင့် ကိလေသာတို့ကို ပယ်ခွါသောအားဖြင့် လွတ်မြောက်ခြင်း ဝိက္ခမ္ဘန ဝိမောက္ခ၊ အရဟတ္တမဂ်ဖြင့် ကိလေသာတို့ကို အကြွင်းမဲ့ ပယ်ဖြတ်သောအားဖြင့် လွတ်မြောက်ခြင်း သမုစ္ဆေဒ ဝိမောက္ခ၊ ဤနှစ်ပါးဖြင့် လွတ်မြောက်သော ပုဂ္ဂိုလ်ကို "ဥဘတောဘာဂ-ဝိမုတ္တ ရဟန္တာ"ဟု ခေါ်သည်။

တနည်း။ အရူပဈာန်သမာပတ်ဖြင့် ရုပ်တရား၌ဖြစ်သော ကိလေသာအပေါင်းမှ လွတ်မြောက်ခြင်း၊ အရဟတ္တမဂ်ဖြင့် နာမ်တရား၌ဖြစ်သော ကိလေသာအပေါင်းမှ လွတ်မြောက်ခြင်း၊ ဤသို့ ရုပ်နာမ် ၂-ပါးအပေါင်းမှ လွတ်မြောက်သော ပုဂ္ဂိုလ်ကို "ဥဘတောဘာဂ-ဝိမုတ္တ"ဟု ခေါ်သည်။

**ဥဘတောဘာဂ ဝိမုတ္တရဟန္တာ ၅-မျိုး (သို့)**

အာကာသာနဉ္စာ-ယတနဈာန် စသည်တို့တွင် တပါးပါးသော ဈာန်မှထ၍ အရဟတ္တဖိုလ်သို့ ရောက်သော ရဟန္တာပုဂ္ဂိုလ် ၄-မျိုး၊ အနာဂါမ်ပုဂ္ဂိုလ်၏ နိရောဓသမာပတ်မှ ထ၍ ရဟန္တာအဖြစ်သို့ ရောက်သူ ၁-ဦး အားဖြင့် (၅)မျိုး ရှိ၏။

**နိဂုံး**

**အာနန္ဒာ... ထိုရဟန်းကို နှစ်ပါးသောအဖို့အားဖြင့် ကိလေသာမှ လွတ်မြောက်သော "ဥဘတော-ဘာဂ ဝိမုတ္တ" ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။ ဤနှစ်ပါးသော အဖို့အားဖြင့် ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်ထက် ထူးကဲ သာလွန် မွန်မြတ်သော အခြားတရားကား မရှိတော့ချေ။" ဟု မိန့်တော်မူ၏။**

**ဗုဒ္ဓမြတ်စွာက ဤဒေသနာကို ဟောကြားသောအခါ ရှင်အာနန္ဒာသည် နှစ်သက်ဝမ်းမြောက်စွာ နာယူမှတ်သားလေသည်...။**

## မဟာနိဒါနသုတ် ရှင်းတမ်း ပြီး၏။

☸☸☸☸☸☸☸☸